မန္တလေးနေ့စဉ်

The Mandalay Daily

ဘဏ္ဍာရုံစနှစ် ၊ဆိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၂၈) ၊ ၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ ၁-၁၁-၂၀၂၆၊ တနင်္ဂနွေနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား နေပြည်တော် ပြည်သူ့ရင်ပြင်ဆိုင်ရာ အချက်အလက်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက ရှင်းလင်းတင်ပြစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်ဂျင်ရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး အကောင်အထည်ဖော်တည်ဆောက်နေမှုများ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညီစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်အောင်စန်းနှင့် ဦးမျိုးသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်ဂျင်ရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး အကောင်အထည်ဖော်တည်ဆောက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၃ သို့ ❖

ယနေ့ ဖတ်စရာအညွှန်း

တရုတ်အမျိုးသားတစ်ဦး လျှပ်စစ်ပုံသန်းဂေးဘုတ် ပြုလုပ်ကာ ၄င်း၏ ဇာတိ ဟူပေပြည်နယ်ရှိ ယန်စီမြစ်ကို ဖြတ်ကျော်ပုံသန်း


စာမျက်နှာ ၈

အလင်္ကာဆိုဘာထရာ ကောင်ပကို ခေါ်ယူရန် ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့ အပြိုင်စိတ်ဝင်စား

စာမျက်နှာ ၁၁

ဟော---အိန္ဒိယိုးပေးပါ (ဆောင်းပါး)

စာမျက်နှာ ၁၄



အားကောင်းသောလေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၃၁

မုန်တိုင်းငယ်အခြေအနေ

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်နှင့် နီကိုးဘားကျွန်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်း စာမျက်နှာ ၄ သို့ ■

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၃၁

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြိုးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ မိုး/၈လ

ကျောက်ဆည်မြို့နယ် ရဲဘော်ကြီးကျေးရွာ၌ ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ကျောက်ဆည် အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ပဲတီစိမ်းသီးနှံများ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် ရေဆင်း-၁၁ ပဲတီစိမ်းမျိုးများကို အဓိကထားစိုက်ပျိုးကြပြီး ရဲဘော်ကြီးကျေးရွာ ကွင်းအမှတ် (၁၂၇-ဃ)၊ ဦးပိုင်အမှတ်(၁၃၄/၁၁၂၂)တောင်သူ ဦးညွန့်ဝင်း စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်၌ ပဲတီစိမ်းများကို ပန်းခွာ၊ ကျီးပြာ၊ သင်ပျို၊ ကျီးအိပ်၊ ဒွေးလှ၊ ငါးဆူ၊ ရှားပင်၊ ဒါနိုးတိုင်၊ ရန်ဘက်လို၊ ပေတောကြီး၊ ဘုံကွင်း၊ စင်းကွန်း၊ လက်ပန်ပင်၊ မယ်ဇယ်ပင်၊ တံစိုး၊ သူငယ်တော်၊ ပွတ္တိုင်၊ မြောင်းဦး၊ အနောက်သာဂရ၊ ရွာပုလဲ၊ ကတဲ၊ ဇရပ်ဖြူ၊ သင်ပုတ်၊ ညောင်ရွေ၊ လက်ပန်၊ ညောင်ပန်း၊ ကြောင်ပန်းကုန်း၊ တောင်နောက်၊ သင်တောင်း၊ အင်တိုင်း၊ ပြည်ပန်း၊ ကြက်မင်းတွန်၊ ပတ္တာ၊ ပင်တလည်၊ သမန္တလင်း၊ မြင်းကာဘက်၊ မုံပေါင်း၊ လက်ပံဇင်၊ ရဲဘော်ကြီး၊ ဗျောက်ဆိပ်ပင်၊ ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊ သရက်ပင်၊ ရဲ၊ ကြောင်၊ သင်္ကေတ်၊ အရှေ့သာဂရ၊ ကလေး၊ မွှေးပန်၊ ပြည်တော်သာ၊ ရှင်းတောင်ဦး၊ ကုလားကျောင်း၊ ကိုးပင်၊ အင်ရောင်း၊ ကလိုင်ကျော်၊ ရဲမအူ၊ စိုင်မလန်း၊ မင်းစု၊ စပါယ်တော၊ ရွှေအင်း၊ လေးဆယ်ကုန်း၊ တောတွင်၊ မြေစိုပါယ်၊ ဟဲမြင့်မိုရ်၊ လယ်ကြီး၊ ပုန်းညက်ကျေး၊ ကျားကာ၊ သဲရွာ၊ ခတက်ကုန်း၊ ဆူးလေကုန်း၊ ပေါက်ပင်ကွေ့၊ မြေစိုမိုး၊ ပဲခင်း၊ ပေါင်လောင်၊ တောင်တော်၊ ကင်းကျေးရွာများတွင် အများဆုံး စိုက်ပျိုးကြသည်။

ပဲတီစိမ်းစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက တောင်သူများနှင့် ပူးပေါင်း၍ မြေပြင်ခြင်း၊ မျိုးရွေးချယ်ခြင်း၊ စိုက်ပျိုးခြင်း၊ အပင်ပြုစုခြင်းစသည့် အသိပညာများကို စနစ်တကျ ကူညီပေးလျက်ရှိကြောင်း သိရသည်။

အောင်ပိုင်ဟိန်း

o–o–o–o–o

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်၊ တနင်္ဂနွေနေ့။
မြဝတီရေးသုံးသပ်ချက်

ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ပိုမိုရှင်သန်ထွန်းကားလာစေရေး ဆောင်ရွက်ရမည်

နိုင်ငံတော်အနေဖြင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို တစ်နှစ်ထက်တစ်နှစ် အသွင်ကူးပြောင်းရောအနှစ်သာရပါဝိုင်ပြီး အမျိုးသားရေးအဓိပ္ပာယ်ပြည့်ပြည့်ဝဝဖြင့် နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုဥာဏာစားပွဲ အခမ်းအနားကို အောက်တိုဘာ ၂၉ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

နိုင်ငံတော်သမ္မတက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးရည်မှန်းချက်ကို ဖော်ဆောင်ပေးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်သဖြင့် ပါဝင်ကြိုးပမ်းခဲ့ကြသည့် အနုပညာရှင်ကြီးများနှင့် အကဲဖြတ်အဖွဲဝင်များအားလုံးလည်း နိုင်ငံတော်အစိုးရနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူနေကြမည်ဟု ယုံကြည်ကြောင်း။ ယခုကျင်းပပြီးစီးခဲ့သည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး အတီးပြိုင်ပွဲကြီးတွင်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု ဝါရင့်သမ္မာရင့်အနုပညာရှင်ကြီးများ၏ ကြီးကြပ်ဆောင်ရွက်ပေးမှု၊ ပြိုင်ပွဲဝင်မျိုးဆက်သစ် အနုပညာရှင်လူငယ်များ၏ တက်တက်ကြွကြွ ကြိုးပမ်းအားထုတ်ပါဝင်ယှဉ်ပြိုင်မှုများကြောင့် မျှော်မှန်းထားသည်ထက် ပိုမိုအောင်မြင်ခဲ့သည်ကိုတွေ့ရှိရကြောင်း။ ဆုရရှိမှုကိုကြည့်မည်ဆိုပါကလည်း ရွှေတံဆိပ်ဆု (၁၉၅)ခု၊ ငွေတံဆိပ်ဆု(၁၆၇)ခု၊ ကြေးတံဆိပ်ဆု(၁၆၅)ခု၊ နှစ်သိမ့်ဆု (၂)ခုနှင့် အထူးဆု(၂)ခု စုစုပေါင်း(၅၃၁)ဆုအထိ တိုးမြှင့်ချီးမြှင့်နိုင်ခဲ့သောကြောင့် အားရကျေနပ်ဖွယ်ရာဖြစ်ကြောင်းကို တွေ့ရှိရကြောင်း။

ပြိုင်ပွဲကြီး၏ရည်ရွယ်ချက်များ အကောင်အထည်ဖော်နိုင်စေရေး အတွက် ပညာရှင်ကြီးများအားလုံးက ပညာရပ်ဆိုင်ရာများကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည့်အတွက် နိုင်ငံတော်အနေဖြင့် ကျေးဇူးတင်ဂုဏ်ပြုသည်ကို အလေးအနက်ပြောကြားလိုကြောင်း။ ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာအလယ်တွင် တင့်တယ်စွာရပ်တည်နိုင်ရေးအတွက် ခေတ်မီမြို့ပြီးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးတည်ဆောက်လျက်ရှိကြောင်း။ ထို့ကြောင့်လည်း လိုအပ်သည့် မိမိတို့၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုအစဉ်အလာများ၊ လူမှုရေးကျင့်ဝတ်နှင့်တန်ဖိုးများ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေးတို့ကိုလည်း စနစ်တကျကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။ ထိုသို့ဆောင်ရွက်ရာတွင် နှစ်စဉ်ကျင်းပပေးလျက်ရှိသည့် အဆို၊ အက၊ အရေး အတီးပြိုင်ပွဲများလည်း ပါဝင်ကြောင်းပြောကြားခဲ့သည်။ လူငယ်အချို့ ခေတ်ရေစီးကြောင်းနောက်ကိုလိုက်ပါရင်း ရိုးရာယဉ်ကျေးမှုတန်ဖိုးများကို လျစ်လျူရှုလာနိုင်သည့်အတွက် ယင်းအခြေအနေကို ပေါ့ပေါ့ဆဆမထားကြရန် လိုအပ်မည်ဖြစ်သည်။

နိုင်ငံတော်သမ္မတက ဆက်လက်ပြောကြားရာတွင် အနုပညာရှင်ကြီးများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး အတီးပြိုင်ပွဲကြီးများ၏ အကျိုးရလဒ်ကောင်းများဖြစ်ထွန်းနေမှုသည် အနာဂတ်နိုင်ငံတော်အတွက် ထူခြားကောင်းမွန်သည့် အစဉ်အလာများပင်ဖြစ်ကြောင်း။ ပြိုင်ပွဲကြီးများ၏ အကျိုးကျေးဇူးကြောင့်လည်း ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အနုပညာရှင်များ အများအပြားပေါ်ထွန်းလာနေသည်မှာ အားရဖွယ်ရာဖြစ်ကြောင်း။ ယင်းသည် ဝါရင့်သမ္မာရင့်အနုပညာရှင်ကြီးများထံမှ အနုပညာအမွေများကို လက်ဆင့်ကမ်းပေးအပ်နိုင်မည့် အမွေခံထိုက်သည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာခြင်းပင်ဖြစ်ကြောင်းပြောကြားခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး အတီးပြိုင်ပွဲကြီး၏ အောင်မြင်မှုကိုအခြေခံပြီး ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ပိုမိုရှင်သန်ထွန်းကားလာစေရေး အနုပညာရှင်ကြီးများအနေဖြင့် မိမိတို့၏အနုပညာစွမ်းအားဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

(ဝါသီးနံ) စာချုပ်ချုပ်ဆိုခြင်းနှင့် ချေးငွေပေးအပ်ပွဲ ကျင်းပ

စဉ်ကိုင် အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဝါသီးနံစိုက်ပျိုးရေးလုပ်ငန်းများအတွက် တိုက်ရိုက်ချေးငွေထုတ်ချေးခြင်းဖြင့် တောင်သူများ၏ စိုက်ပျိုးစရိတ်အရင်းအနှီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ဝါသီးနံထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တိုက်ရိုက်ထုတ်ချေးမည့်ရန်ပုံငွေမှ (ဝါသီးနံ)စာချုပ်ချုပ်ဆိုခြင်းနှင့် ချေးငွေပေးအပ်ပွဲကို အောက်တိုဘာ ၃၀ ရက်နှင့် ၃၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မင်းဆင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များက တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ဝါစိုက်ဧက ၁၅၀၀အတွက် ငွေကျပ်သိန်း ၄၅၀၀ကို ဝါစိုက်တောင်သူ ၂၅၆ ဦးအား ချေးငွေပေးအပ်ခဲ့ပြီး စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အောင်ဝိုင်ဟိန်း

ပျော်ဘွယ်မြို့နယ်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ပျော်ဘွယ် အောက်တိုဘာ ၃၁

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဘုရားငါးဆူ-တွင်းရွာ ခရိုင်ချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ အင်ဂျင်နီယာချုပ်(မြို့ပြ)ဦးလှခိုင်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဘုရားငါးဆူ-တွင်းရွာ ခရိုင်ချင်းဆက်လမ်းအရှည်(၀/၂)မိုင် ကတ္တရာခင်းခြင်းကို ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၁၂ ဒသမ ၆၈၅ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ အင်ဂျင်နီယာချုပ်(မြို့ပြ)နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ရာ သတ်မှတ်အတိုင်းအတာ၊ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ထုတ်ကုန်များ စျေးကွက်သို့တင်ပို့ရောင်းချရာတွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

၀-၀-၀-၀-၀

အပူရှောင်စခန်းပွင့်လှစ်ထားရှိမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက လှည့်လည်ကြည့်ရှု

မန္တလေး အောက်တိုဘာ ၃၁

အများပြည်သူများအား အယ်လ်နီညိုအပူဒဏ်အန္တရာယ်မှ ကင်းဝေးစေရေးအတွက် အပူရှောင်စခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အပူရှောင်စခန်းများအား သက်ဆိုင်ရာတာဝန်ရှိသူများ ယနေ့နံနက်ပိုင်းက လှည့်လည်ကြည့်ရှုကြသည်။

အပူရှောင်စခန်းများ၌ မိဘစောင့်ရှောက်မှုများ ဆောင်ရွက်ထားရှိခြင်း၊ လေအေးပေးစက်နှင့် ပန်ကာများထားရှိခြင်း၊ ရေချိုးခန်းများ၊ Mobile Toilet များ၊ စာအုပ်၊စာပေများ ဖတ်ရှုနိုင်စေရန် စာပေရေခချိမ်းစဉ်များ၊ အရေးပေါ်အခြေအနေများအတွက် လူနာတင်ယာဉ်များ၊ မီးဘေးလုံခြုံရေးအတွက် မီးသတ်ကားများ စီစဉ်ထားရှိခြင်း၊ ဆန်၊ ဆီ၊ ကြက်သွန်၊ ကုလားပဲ၊ ခေါက်ဆွဲခြောက်ထုပ်၊ ရေသန့်ဘူးများနှင့် ဓာတ်ဆားထုပ်များ စသည့်ပို့ကို စီစဉ်ထားသည်။

အပူရှောင်စခန်းများ လှည့်လည်ကြည့်ရှုရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မဟာအောင်မြေခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ချမ်းအေးသာစံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ချမ်းအေးသာစံမြို့နယ်၌ အပူရှောင်စခန်း ငါးနေရာစီစဉ်ထားရှိပြီး အများပြည်သူများ အနေဖြင့် လာရောက်အပူရှောင်၍ ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့စစ်ဆေးကုသခံနိုင်ကြောင်း သိရသည်။ **(၀၅၀)**

ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၆)မှ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းများအား ဂုဏ်ပြုကြိုဆိုပွဲ ကျင်းပ

မန္တလေး အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၌ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၆)မှ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပ၍ ရပ်ကွက်နေပြည်သူများက စည်ကားသိုက်မြိုက်စွာ ကြိုဆိုခဲ့ကြသည်။



အဆိုပါ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၆)မှ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းများအား မဟာအောင်မြေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေကျော်နှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများက သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြပြီး နိုင်ငံ့တာဝန်များကို တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းသုံးဦးအား ဂုဏ်ပြုဆုငွေနှင့် ဆန်၊ ဆီများအား တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၆၇)

(မန္တလေးနေ့စဉ်-၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေဖွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေဖွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့.စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၀၄၇၃၉၉၊ ၀၂-၂၀၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း-၇၅၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❖ ရွှေဖုံးမှ

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်နေမှု

ဦးစွာ နိုင်ငံတော်သမ္မတသည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်နေမှုနှင့် အဆိုပါ လမ်းသစ်ပေါ်ရှိ ရုံးပင်ချောင်းတံတားတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက နိုင်ငံတော်၏ မြို့တော်သို့ ဝင်ရောက်သည့်လမ်းကြောင်းတစ်ခု ဖြစ်လာမည်ဖြစ်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းသစ်ပေါ်ရှိ ရုံးပင်ချောင်းတံတားတည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ပြည်ထောင်စုဂုဏ်ပြုဗိမာန် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှင်းလင်းတင်ပြစဉ်။

သဖြင့် လမ်းတံတားများ တည်ဆောက်ရာတွင် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အဆင့်မီမီတည်ဆောက်ပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ လမ်းတံတားများအား အနာဂတ်တွင် တိုးတက်ဖြစ်ပေါ်လာနိုင်မည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ် အသုံးပြုသွားလာမှုများအပေါ် မူတည်ထည့်သွင်း တွက်ချက်၍လည်း တည်ဆောက်သွားရန်လိုကြောင်း၊ ဝင်လမ်း၊ ထွက်လမ်းများနှင့် ပတ်သက်၍လည်း ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစား၍ တည်ဆောက်သွားရန်လိုကြောင်း၊ တံတားများနှင့် လမ်းများ ကြံ့ခိုင်မှုရှိစေရေး၊ လမ်းပခုံးမြေသားနံရံများ စနစ်တကျ ဖြစ်စေရေးအတွက်လည်း ကြပ်မတ် ဆောင်ရွက်သွားရန် လိုကြောင်း၊ လမ်းဘေးဝဲယာ တစ်လျှောက်တွင် အရိပ်ရလေကာပင်များနှင့် အမြစ်မိမ်းသစ်ပင်များ စိုက်ပျိုးသွားရန် လိုကြောင်းနှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ရာဇသံဟ လမ်းကြောင်း တစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လမ်းဘေးဝဲယာ တစ်လျှောက် အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်သူ့ရင်ပြင် တည်ဆောက်ရေးလုပ်ငန်းခွင်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် နေပြည်တော် ပြည်သူ့ရင်ပြင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က နေပြည်တော် ပြည်သူ့ရင်ပြင်ဆိုင်ရာ အချက်အလက်များ၊ ရင်ပြင်ပတ်လည် နေရာများ၌ အထင်ကရပုဂ္ဂိုလ်များ၏ ရုပ်တုများ၊ စက္ကင်ကျောက်များဖြင့် ထုဆစ်ပုံဖော်ထားသည့် ရုပ်လုံးရုပ်ကြွများ ထည့်သွင်းတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ ပန်းခြံနေရာများ၊ လျှောက်လမ်းများ၊ ဖျော်ဖြေရေးရင်ပြင်နှင့် Shop House များ၊ ယာဉ်ရပ်နားရန် နေရာများနှင့် အခြားလိုအပ်သည့် အဆောက်အအုံများ ထည့်သွင်းတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေအား မြို့တော်အင်္ဂါရုပ်နှင့်အညီ ခေတ်မီပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော မြို့ပြတစ်ခုအဖြစ် ဖြစ်ပေါ်လာစေရေး ဘက်ပေါင်းစုံမှ အကောင်အထည်ဖော် စဉ်းစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ် အချိန်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်ခံ့မှုရှိစေရေး၊ အဆင့်မီမီဖြစ်စေရေး စနစ်တကျဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရုပ်တုများနှင့် ရုပ်လုံးရုပ်ကြွများ ထည့်သွင်းတည်ဆောက်ရာတွင် မြန်မာမှုနှင့် ပန်းချီ၊ ပန်းပုပညာရှင်ကြီးများထံမှ အကြံဉာဏ်များရယူ၍ စနစ်တကျ ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စု ဂုဏ်ပြုဗိမာန် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ပြည်ထောင်စု ဂုဏ်ပြုဗိမာန် အဆိုပြု 3D ပုံစံများနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက ပြည်ထောင်စု ဂုဏ်ပြုဗိမာန်ကို ပြည်ထောင်စု နိုင်ငံတော်ကြီးကို တည်ထောင်ခဲ့ကြသူများနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့် ပြည်ထောင်စု ဖွားတိုင်းရင်းသားများကို ဂုဏ်ပြုနိုင်ရန်အတွက် ရည်ညွှန်းတည်ဆောက်စေခြင်း ဖြစ်သဖြင့် ခမ်းခမ်းနားနားနှင့် အဆင့်မီမီ ဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အပါအဝင် ပြည်ဝန်ထိုင်များမှ လာရောက် ဂုဏ်ပြုကြသူများအနေဖြင့် အဆင့်မီမီနှင့် စနစ်တကျလာရောက် ဂုဏ်ပြုနိုင်ရေး အတွက်လည်း လျာထား ဆောက်လုပ်သွားရန် လိုကြောင်း၊ ပန်းစည်းချ ဂုဏ်ပြုမည့် နေရာများအတွက်လည်း စနစ်တကျစီမံထည့်သွင်းသွားရန် လိုကြောင်း၊ ယာဉ်ရပ်နားရန်နေရာများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပမှုရှိစေရေး အမြဲစိမ်းသစ်ပင်များနှင့် ပန်းမန်များကို စနစ်တကျဖြင့် ထည့်သွင်းစိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်နေသည့် လုပ်ငန်းခွင်ကို တွေ့ရစဉ်။

မြန်မာ-ထိုင်း-ရုရှား သုံးနိုင်ငံ စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၃၁

စွမ်းအင်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် ထိုင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ ယနေ့တွင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan နှင့်လည်းကောင်း၊ ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Maxim Reshetnikov နှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံပြီး မြန်မာ-ထိုင်း-ရုရှား သုံးနိုင်ငံ စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့သည်။



ဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံ ထားဝယ်ဒေသ စီမံကိန်းများသည် ဒေသတွင်းနိုင်ငံများနှင့် ကုန်စည်ကူးသန်းရောင်းဝယ်နိုင်ရန်အတွက် အချက်အချာကျသည့်နေရာတစ်ခုဖြစ်လာမည့်အခြေအနေ၊ သုံးနိုင်ငံ စလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းဖြစ်၍ အမြန်ဆုံး အကောင်အထည်ဖော် ပြီးမြောက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိသည့်အခြေအနေ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ စွမ်းအင်လိုအပ်ချက်သည် မြင့်တက်လျက်ရှိရာ နှစ်နိုင်ငံပူးပေါင်း၍ဖြေရှင်းနိုင်ရန် ကြိုးစားနေမှုအခြေအနေ၊ LNG သည် ကျစ်လျစ်သိပ်သည်းစွာ သယ်ဆောင်နိုင်ပြီး သန့်ရှင်းသည့်စွမ်းအင်အဖြစ် သတ်မှတ်ထားကြသည်ဖြစ်ရာ ယနေ့စွမ်းအင်အသွင်ကူးပြောင်းရေးကာလတွင် အထူးအရေးပါသည့် စွမ်းအင်ဖြစ်နေသည့်အတွက် LNG ကုန်သွယ်မှုများ မြင့်တက်လာနေသည့်အခြေအနေ၊ ရုရှားနိုင်ငံမှ LNG ကို မြန်မာနိုင်ငံသို့သယ်ဆောင်ပြီး ထိုင်းနိုင်ငံက မျှဝေသုံးစွဲနိုင်ခြင်းဖြင့် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံ စွမ်းအင်အခက်အခဲကို ဖြေရှင်းနိုင်မည့်အခြေအနေ၊ ထားဝယ်ဒေသမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့လည်းကောင်း၊ ထိုင်းနိုင်ငံအတွင်းသို့လည်းကောင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းပြီးဖြစ်ရာ ယင်းအခြေခံကောင်းများကို အသုံးချ၍ ထားဝယ်ဒေသတွင် LNG Terminal တည်ဆောက်နိုင်သည့် အခြေအနေ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား LNG အပါအဝင် လောင်စာဆီတင်ပို့နိုင်ရေးအတွက် MoU ရေးထိုးပြီးဖြစ်သကဲ့သို့ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် မကြာမီအချိန်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအတွက် MoU ရေးထိုးနိုင်တော့မည်ဖြစ်ရာ သုံးနိုင်ငံပူးပေါင်း၍ စွမ်းအင်ကုန်သွယ်မှုများ စတင်နိုင်ရန် အချိန်အခါကောင်းဖြစ်သည့်အခြေအနေ၊ မြန်မာ-ထိုင်း-ရုရှား သုံးနိုင်ငံ ပူးပေါင်း၍ ထားဝယ်ဒေသတွင် ရင်းနှီးမြှုပ်နှံ၍ ဆက်လက်ဆောင်ရွက်သွားကြမည့် စီမံကိန်းလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး



မန္တလေး အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက် စန္ဒရံသီ သီလရှင် စာသင်တိုက်ရှိ သာသနာ့န္တယိဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံနယ်လှည့်ဆေးကုသရေးအဖွဲ့က သွားရောက်၍ အဆိုပါ စာသင်တိုက်ရှိ နှိုင်လွန် ပါရာဆေသီကျောင်းဆောင်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံနယ်လှည့် ဆေးကုသရေးအဖွဲ့က သီလရှင် ၈၂ ပါး၊ ဒေသခံပြည်သူ ၁၅ ဦး၊ စုစုပေါင်း ၉၇ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)
(ဝ၃၈)

■ အားကောင်းသောမှ

ရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၃၀၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့ - အရှေ့တောင်ဘက် ရေမိုင် ၆၁၅ မိုင်ခန့်နှင့် မာချီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၆၅၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ၅ နာရီခွဲတွင် မြောက်လတ္တီကျ ၁၀ ဒသမ သုည ဒီဂရီနှင့် အရှေ့လောင်ဂျီကျ ၉၀ ဒသမ ၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့်ဖြစ်သည်။

နောက် ၇၂ နာရီအတွင်း ခန့်မှန်းချက်

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ နိုဝင်ဘာ ၁ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်း အဖြစ်သို့လည်းကောင်း၊ နိုဝင်ဘာ ၂ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ကမ်းခြေသို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

သတိပေးန္ဒီးဆော်ချက်

မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ည၊မှ နိုဝင်ဘာ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိုပိစိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင် မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

အကြေပြုချက်

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း

၃၁-၁၀-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၇:၃၀ နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ



နှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ် နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် ခေတ္တိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးန္ဒီးဆော်အပ်ပါသည်။ မိုး/၈လ

သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)၌ တိုင်းဒေသကြီး၊ ပြည်နယ် ဒုတိယအဆင့်ရရှိခဲ့သော မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

မန္တလေး အောက်တိုဘာ ၃၁

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)၌ တိုင်းဒေသကြီး၊ ပြည်နယ် ဒုတိယအဆင့်ရရှိခဲ့သော မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး၊ တပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းထွန်းတင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များ၊ အုပ်ချုပ်သူများနှင့် အောင်နိုင်ရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားဦး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ပြိုင်ပွဲဝင်တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၏ အရည်အသွေးများကို အကဲဖြတ်ပညာရှင်များက ဗဟိုအဆင့်အကဲဖြတ်နည်း စနစ်အတိုင်း ဘာသာရပ်အလိုက် ဆန်းစစ်ခြင်းများ ဆောင်ရွက်၍ ကြိုတင်ပြင်ဆင်လေ့ကျင့်နိုင်ခဲ့ပြီး ပြိုင်ပွဲတွင် ယုံကြည်မှုအပြည့်ဖြင့် ယှဉ်ပြိုင်နိုင်ခဲ့သည့်အတွက် ရွှေတံဆိပ်(၃၂)ဆု၊ ငွေတံဆိပ်(၄၂)ဆု၊ ကြေးတံဆိပ်(၃၃)ဆု၊ အထူးဆု(၁)ဆု စုစုပေါင်း(၁၀၈)ဆုရရှိခဲ့ပြီး တိုင်းဒေသကြီးဂုဏ်ဆောင်နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အမျိုးသားယဉ်ကျေးမှု အနုပညာအဆင့်အတန်း အစဉ်ထာဝရမြင့်မားလာစေရန် ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဌင်းနောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီတွဲဖက်အတွင်းရေးမှူးက ပြိုင်ပွဲယှဉ်ပြိုင်ခဲ့မှုများနှင့်အတွေ့အကြုံများ၊ ဆုရရှိသူများကိုယ်စား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြိုင်ပွဲအောင်နိုင်ရေးအတွက် အလှူရှင်များမှ လှူဒါန်းငွေများကို လက်ခံ၍ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်နယ်မှူးနှင့် တာဝန်ရှိသူများက ဒုတိယအဆင့်ရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း၊ ဆုရရှိသူများက ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးရင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)









တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း၊ ဆည်မြောင်းနှင့်ကန်၊ သစ်ပင်ရုံမှ သဏ္ဌာန်လှပ၊ ပန်ရလိမ့်။

စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ သဘာဝမြေဩဇာထုတ်လုပ်၊ တင်သွင်း၊ တင်ပို့နှင့် ဖြန့်ဖြူးရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်ထွန်း၏ အမျိုးသားအဆင့် မူဝါဒနှင့် သုတေသနစာတမ်းကောက်နုတ်ချက်

သဘာဝမြေဩဇာကဏ္ဍမှ နိုင်ငံခြားငွေချွေတာရေးနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး (PPP) မဟာဗျူဟာ

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် စားနပ်ရိက္ခာဖူလုံရေးအတွက်သာမက ကျေးလက်လူဦးရေ၏ ဝင်ငွေ၊ အလုပ်အကိုင်၊ ပြည်တွင်းစားသုံးမှု၊ ကုန်ကြမ်းထုတ်လုပ်ရေးနှင့် ပို့ကုန်တို့နှင့် ဆက်နွယ်နေသည်။ ထိုကဏ္ဍ၏ ထုတ်လုပ်မှုတိုးတက်ရန် သီးနှံမျိုးစေ့၊ ရေ၊ လုပ်သား၊ စက်ယန္တရား၊ ပိုးသတ်ဆေးနှင့် မြေဩဇာတို့ကဲ့သို့သော သွင်းအားစုများ လိုအပ်သည်။

ထိုအထဲတွင် မြေဩဇာသည် သီးနှံအာဟာရစီမံခန့်ခွဲမှုအတွက် အဓိကသွင်းအားစုများဖြစ်သည်။ သို့သော် မြေဩဇာကဏ္ဍကို စိုက်ပျိုးရေးထုတ်လုပ်မှုတွင် သွင်းအားစုကဏ္ဍအဖြစ်သာရှုမြင်ပါက နိုင်ငံခြားငွေကြေးခန့်ခွဲမှု၊ ပြည်တွင်းကုန်ထုတ်လုပ်ငန်းနှင့် အရင်းအမြစ် ထိန်းသိမ်းခြင်းဆိုင်ရာ အခွင့်အလမ်းများ လျော့နည်းသွားနိုင်သည်။ ထို့ကြောင့် "မြေဩဇာလိုအပ်ချက်ကို ဖြည့်ဆည်းခြင်း"၊ "ပြည်ပမှ တင်သွင်းရမည့် သွင်းအားစုတစ်စိတ်တစ်ပိုင်းကို လျော့ချခြင်း"၊ "ပြည်တွင်းကုန်ကြမ်းအရင်းအမြစ်များကို တန်ဖိုးမြှင့်တင်ခြင်း"၊ "အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုလျော့ချပြီး အကျိုးရလဒ် ပိုမိုရရှိခြင်း" စသည့် လုပ်ငန်းစဉ်များကို မူဝါဒအဆင့်တွင် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

လက်ရှိအခြေအနေတွင် အောက်ဖော်ပြပါ အခက်အခဲများနှင့် ကြုံတွေ့ရလျက်ရှိပါသည်-

(၁) နိုင်ငံခြားငွေကြေးလိုအပ်ချက်၊

(၂) ပြည်တွင်းတွင် ကုန်ကြမ်းရှိသော်လည်း တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှု အားနည်းနေခြင်း၊

(၃) ပုဂ္ဂလိကကဏ္ဍတစ်ခုတည်းမှ ဆောင်ရွက်နေရခြင်း၊

(၄) အစိုးရ၏ ပံ့ပိုးဆောင်ရွက်ပေးမှု လိုအပ်နေခြင်း။

ရည်ရွယ်ချက်

ဤစာတမ်း၏ အဓိကရည်ရွယ်ချက်မှာ သဘာဝမြေဩဇာကဏ္ဍကို ပြည်တွင်းအရင်းအမြစ်အပေါ် အခြေခံသည့် သွင်းကုန်အစားထိုးထုတ်လုပ်မှုလုပ်ငန်းအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံခြားငွေချွေတာရေး၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးမူဝါဒဆင့် ရေရှည်တည်တံ့သော တည်ဆောက်နိုင်ရန် မူဝါဒမူဘောင်တစ်ရပ် ဖော်ထုတ်ရန်အတွက် ဖြစ်သည်။

အထူးပြုရည်ရွယ်ချက်များမှာ-

(က) PPP ဖြင့် လုပ်ငန်းဖွံ့ဖြိုးနိုင်မည့် ပုံစံများ ဖော်ထုတ်ရန်၊

(ခ) အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ၏ တာဝန်များကို သတ်မှတ်ရန်၊

(ဂ) ၂၀၂၆-၂၀၃၀ အတွက် အကောင်အထည်ဖော်မည့် လမ်းပြမြေပုံတည်ဆောက်ရန်။

ဆောင်ရွက်ရမည့်နည်းလမ်း

(က) တင်သွင်းမှုအစားထိုးမဟာဗျူဟာ

"စီးပွားရေးအရ အကျိုးရှိပြီး အရည်အသွေး ပြည့်မီစွာ ပြည်တွင်းတွင် ထုတ်လုပ်နိုင်သော ကုန်ပစ္စည်းကို ပြည်တွင်းတွင်ထုတ်လုပ်ခြင်း" ဖြစ်သည်။

အဆင့် ၁ - အော်ဂဲနစ်မြေဩဇာနှင့် မြေဆီလွှာ ပြုပြင်ရေးပစ္စည်းများ။

အဆင့် ၂ - ဇီဝမြေဩဇာနှင့်အဏုဇီဝသွင်းအားစုများ။

အဆင့် ၃ - အော်ဂဲနစ်မြေဩဇာထုတ်လုပ်ရေးစက်ပစ္စည်းနှင့် ပြုပြင်ထုတ်လုပ်ရေးနည်းပညာ၏ ပြည်တွင်းစက်မှုကဏ္ဍ။

အဆင့် ၄ - စံချိန်စံညွှန်းစစ်ဆေးရေး စက်ပစ္စည်းများ။ထုပ်ပိုးခြင်းနှင့် အထောက်အကူပြု စက်မှုလုပ်ငန်းများ။

အဆင့် ၅ - ဒေသတွင်းနိုင်ငံများသို့တင်ပို့မှု။

(ခ) အော်ဂဲနစ်အရင်းအမြစ်များမှ စီးပွားရေးအရင်းအမြစ်များသို့

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှ ထွက်ရှိသည့် အော်ဂဲနစ်ဘေးထွက်ပစ္စည်းများကို စနစ်တကျ စုဆောင်းနိုင်ပါက

စွန့်ပစ်ပစ္စည်း

↓

စုဆောင်းခြင်း

↓

ပြုပြင်ထုတ်လုပ်ခြင်း

↓

အော်ဂဲနစ်မြေဩဇာ

↓

စိုက်ပျိုးရေးထုတ်လုပ်မှု

↓

လယ်ယာဝင်ငွေ

↓

စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု

ဟူသည့် တန်ဖိုးကွင်းဆက် ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် အော်ဂဲနစ်မြေဩဇာထုတ်လုပ်မှု လုပ်ငန်းသည် "မြေဩဇာစက်ရုံ" တစ်ခုတည်းမဟုတ်ဘဲ ကျေးလက်စီးပွားရေးလုပ်ငန်း လည်ပတ်မှုတစ်ခု ဖြစ်လာနိုင်သည်။

(ဂ) အော်ဂဲနစ်မြေဩဇာ တန်ဖိုးကွင်းဆက်

(၁) **ကုန်ကြမ်း**။ သီးနှံအကြွင်းအကျန်များ၊ တိရစ္ဆာန်ချေးများ၊ အပင်အခြေခံ ဘေးထွက်ပစ္စည်း၊ အစားအသောက်ပြုပြင်ထုတ်လုပ်မှု အကြွင်းအကျန်များ၊ အတည်ပြုထားသော အခြားအော်ဂဲနစ် အရင်းအမြစ်များ။

(၂) **စုဆောင်းခြင်း**။ ဒေသအလိုက် စုဆောင်းရေးလုပ်ငန်းများ တည်ဆောက်ရန်။

(၃) **ပြုပြင်ထုတ်လုပ်ခြင်း**။ မြေဆွေး၊ ဘိုကာရှိ၊ တီမြေဆွေး၊ ဇီဝမီးသွေး၊ အတည်ပြုထားသော အခြား မြေဆီလွှာပြုပြင်ပစ္စည်းများ။

(၄) **အရည်အသွေးထိန်းချုပ်ခြင်း**။ ဓာတ်ခွဲခန်းသပ်စစ်ဆေးခြင်းနှင့် ထုတ်လုပ်မှုမှတ်တမ်းများ ထားရှိရန်။

(၅) **ထုပ်ပိုးခြင်း**။ ထုတ်ကုန်အချက်အလက်၊ အသုံးပြုပုံ၊ ထုတ်လုပ်မှုနံပါတ်နှင့် ခြေရာခံနိုင်မှုပါဝင်ရန်။

(၆) **ဖြန့်ဖြူးခြင်း**။ ဒေသအလိုက် ဖြန့်ဖြူးရေးကွန်ရက် တည်ဆောက်ရန်။

(၇) **တောင်သူအသုံးပြုခြင်း**။ မြေနှင့်သီးနှံအခြေခံ အကြံပြုချက်ဖြင့် အသုံးပြုရန်။

(၈) **တွေ့ရှိချက်**။ လယ်ယာထုတ်လုပ်မှုစွမ်းဆောင်ရည်အချက်အလက်များ ပြန်လည်ရယူရန်။

(ဃ) အမျိုးသားအဆင့် အော်ဂဲနစ်မြေဩဇာစက်မှုဇုန်များ

နိုင်ငံအတွင်း အော်ဂဲနစ်မြေဩဇာစက်မှုလုပ်ငန်းကို တစ်နေရာတည်းတွင်သာ စုစည်းမည့်အစား ကုန်ကြမ်းရရှိနိုင်မှုနှင့် သီးနှံလိုအပ်ချက်အပေါ် အခြေခံ၍ ဒေသအလိုက် အော်ဂဲနစ်မြေဩဇာထုတ်လုပ်မှု အချက်အချာကြသော လုပ်ငန်းများ တည်ဆောက်ရန် အဆိုပြုသည်။

ဥပမာ-

မြစ်ဝကျွန်းပေါ်ဒေသ	- စပါး အကြွင်းအကျန် အခြေခံထုတ်လုပ်မှု။
အလယ်ပိုင်း ခြောက်သွေ့ဇုန်	- သီးနှံအကြွင်းအကျန်နှင့် တိရစ္ဆာန်ချေး။
ရှမ်း သို့မဟုတ် ကုန်းမြင့်ဒေသ	- ဟင်းသီးဟင်းရွက်အကြွင်း အကျန်နှင့် တိရစ္ဆာန် အရင်းအမြစ်များ။
မြို့ပြအနီးတစ်ဝိုက် ဒေသများ	- ခွဲခြားစုဆောင်းထားသော အော်ဂဲနစ် မြို့ပြစွန့်ပစ် ပစ္စည်းနှင့်အစားအသောက် ပြုပြင်ထုတ်လုပ်မှုမှ စွန့်ပစ် သည့် အရင်းအမြစ်များ။

ဤနေရာများကို သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် ပြည်သူ့ကျန်းမာရေးစံနှုန်း လိုအပ်ချက်များနှင့် ကိုက်ညီစွာစီမံရမည်။

(င) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (Public Private Partnership- PPP)

PPP သည် Public Sector နှင့် Private Sector တို့၏အားသာချက်များကို ပေါင်းစပ်ပြီး Investment + Expertise + Infrastructure + Risk Sharing + Public Benefit တို့ကို တစ်ခုတည်းသော Project Structure အတွင်း စီမံခန့်ခွဲသည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။ စိုက်ပျိုးရေး value chain တစ်လျှောက် PPP mechanism ဖြင့် Government Private Company နှင့် Producers တို့ပါဝင်သည့် စနစ်တည်ဆောက်ရန် ရည်ရွယ်ချက်ကို ဖော်ပြထားသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ အခြားကဏ္ဍများတွင် PPP ကိုအသုံးပြုရန် မူဝါဒနှင့် လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများရှိပြီး စက်မှုဝန်ကြီးဌာနကလည်း စက်ရုံများအတွက် PPP Expression of Interest ခေါ်ယူခဲ့သည့်အတွေ့အကြုံရှိသည်။

(စ) သဘာဝမြေဩဇာကဏ္ဍအတွက် PPP ပုံစံ

ပုံစံ ၁ - အစိုးရမြေနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု။ အစိုးရဘက်မှ သင့်လျော်သော မြေနေရာနှင့် အခြေခံအဆောက်အအုံ ပုံပြီးပေးရမည်။ ပုဂ္ဂလိကဘက်မှ စက်ရုံ၊ စက်ပစ္စည်း၊ လုပ်ငန်းလည်ပတ်ငွေ၊ စီမံခန့်ခွဲမှု၊ နည်းပညာ တာဝန်ယူရမည်။

ပုံစံ ၂ - ဒေသအော်ဂဲနစ်အရင်းအမြစ်စင်တာ။ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များ၊ ဒေသထုတ်လုပ်သူများပူးပေါင်း၍ ဒေသအလိုက် အရင်းအမြစ်စုဆောင်းရေး လုပ်ငန်းစင်တာ တည်ဆောက်ခြင်း။

ပုံစံ ၃ - ဌာနဆိုင်ရာဓာတ်ခွဲခန်းများနှင့် ပုဂ္ဂလိကလုပ်ငန်း။ အစိုးရမှ ဓာတ်ခွဲခန်း အခြေခံအဆောက်အအုံတည်ဆောက်ပြီး ပုဂ္ဂလိကကဏ္ဍနှင့် ဝန်ဆောင်မှုစီစဉ်မှုဖြင့် အသုံးချခြင်း။

ပုံစံ ၄ - အကျိုးဆောင်တောင်သူ - ပြည်သူ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု။ နိုင်ငံတော်နှင့် တက္ကသိုလ်မှ မြေနှင့် သုတေသန၊ ပုဂ္ဂလိကကဏ္ဍမှ သွင်းအားစုများနှင့် နည်းပညာ၊ တောင်သူအဖွဲ့များက လယ်ကွင်းစီမံခန့်ခွဲမှု ပူးပေါင်းခြင်း။

ပုံစံ ၅ - တည်ဆောက်-လည်ပတ်-လွှဲပြောင်းခြင်း။ သင့်လျော်သောစီမံကိန်းများတွင် ပုဂ္ဂလိကမှ အဆောက်အအုံ တည်ဆောက်၍ သတ်မှတ်ကာလအတွင်း လည်ပတ်ပြီး သဘောတူညီချက်အရ လွှဲပြောင်းသည့်ပုံစံကို လေ့လာအသုံးပြုနိုင်သည်။

(ဆ) PPP စီမံကိန်းတစ်ခု၏ ဖွဲ့စည်းပုံ

အစိုးရ

မူဝါဒ၊ မြေ၊ ပုံပြီးကူညီခြင်းနှင့် စည်းမျဉ်း

↓

ပြည်သူ-ပုဂ္ဂလိက

ပူးပေါင်းစီမံကိန်းကုမ္ပဏီ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် စီမံခန့်ခွဲမှု

↓

အော်ဂဲနစ်အရင်းအမြစ်စုဆောင်းရေးကွန်ရက်

ကုန်ကြမ်း

↓

ပြုပြင်ထုတ်လုပ်ရေးစက်ရုံ

ထုတ်လုပ်မှု

↓

ဓာတ်ခွဲခန်း

အရည်အသွေးအာမခံမှု

↓

ဖြန့်ဖြူးသူ သို့မဟုတ် တောင်သူကွန်ရက်

ဈေးကွက်

↓

တောင်သူများ

ထုတ်လုပ်မှု

↓

ဝင်ငွေ

↓

အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် လူမှုအကျိုးကျေးဇူး

(ဇ) PPP စီမံကိန်း ရွေးချယ်ရေး သတ်မှတ်ချက်များ

PPP စီမံကိန်းတစ်ခုကို အောက်ပါသတ်မှတ်ချက်များဖြင့် ရွေးချယ်ရပါမည်-

သတ်မှတ်ချက် ၁ - ကုန်ကြမ်းရရှိနိုင်မှု။

သတ်မှတ်ချက် ၂ - ဈေးကွက်လိုအပ်ချက်။

သတ်မှတ်ချက် ၃ - တင်သွင်းမှုအစားထိုးနိုင်သည့် အလားအလာ။

သတ်မှတ်ချက် ၄ - နိုင်ငံခြားငွေကြေးချွေတာနိုင်သည့် အလားအလာ။

သတ်မှတ်ချက် ၅ - ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ၏ စိတ်ပါဝင်စားမှု။

သတ်မှတ်ချက် ၆ - အစိုးရပံ့ပိုးကူညီနိုင်မှုဖြစ်နိုင်ခြေ။

သတ်မှတ်ချက် ၇ - ပတ်ဝန်းကျင်ရေရှည်တည်တံ့နိုင်မှု။

သတ်မှတ်ချက် ၈ - တောင်သူအကျိုးအမြတ်။

သတ်မှတ်ချက် ၉ - ဘဏ္ဍာရေးအရ အသက်ဝင်နိုင်မှု။

သတ်မှတ်ချက် ၁၀ - တိုးချဲ့နိုင်မှု။

(ဈ) အဆိုပြုထားသော အမျိုးသားအဆင့် PPP ဖွဲ့စည်းပုံ

အမျိုးသားအဆင့်

အမျိုးသား အော်ဂဲနစ်မြေဩဇာ ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဦးဆောင်ကော်မတီတာဝန်။ မူဝါဒ၊ ညှိနှိုင်းဆောင်ရွက်မှု၊ စီမံကိန်းအတည်ပြုခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း။

နည်းပညာအဆင့်။ နည်းပညာလုပ်ငန်းအဖွဲ့။

ပါဝင်သူများ။ အစိုးရနည်းပညာဌာနများ၊ တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများ၊ စက်မှုလုပ်ငန်းအသင်း၊ ပုဂ္ဂလိကကဏ္ဍ၊ တောင်သူကိုယ်စားလှယ်များ။

စီမံကိန်းအဆင့်။ ပြည်သူ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အထူးရည်ရွယ်ကုမ္ပဏီ Special Purpose Vehicle (SPV)

တာဝန်။ ရင်းနှီးမြှုပ်နှံမှု၊ တည်ဆောက်ရေး၊ လည်ပတ်ရေး၊ အရောင်းမြှင့်တင်ရေး၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ အစီရင်ခံတင်ပြခြင်း။

အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အခန်းကဏ္ဍ

(က) **အစိုးရ၏အခန်းကဏ္ဍ**။ (၁) မူဝါဒ၊ (၂) ဥပဒေမူဘောင်၊ (၃) စံချိန်စံညွှန်းများ၊ (၄) မြေနေရာပုံပြီးကူညီခြင်း၊ (၅) အခြေခံအဆောက်အအုံ၊ (၆) သုတေသနပုံပြီးမှု၊ (၇) ဓာတ်ခွဲခန်းစနစ်၊ (၈) ရင်းနှီးမြှုပ်နှံမှုပုံပြီးကူညီခြင်း၊ (၉) တောင်သူအသိပညာဖြန့်ဖြူးရေး၊ (၁၀) စောင့်ကြည့်စစ်ဆေးခြင်း။

(ခ) **ပုဂ္ဂလိကကဏ္ဍ၏အခန်းကဏ္ဍ**။ (၁) အရင်းအနှီး၊ (၂) နည်းပညာ၊ (၃) ထုတ်လုပ်မှု၊ (၄) စီမံခန့်ခွဲမှု၊ (၅) ဖြန့်ဖြူးမှု၊ (၆) ဈေးကွက်ရှာဖွေရေး၊ (၇) ဆန်းသစ်တီထွင်မှု၊ (၈) တင်ပို့မှုတို့ကို အဓိက တာဝန်ယူသင့်သည်။

ထုတ်လုပ်သူများအနေဖြင့် "ရောင်းအားတိုးရေး" ထက် "အရည်အသွေးနှင့် လယ်သမား အကျိုးအမြတ်" ကိုအခြေခံသည့်စီးပွားရေးပုံစံ တည်ဆောက်ရန် လိုအပ်သည်။ စာမျက်နှာ ၇ သို့ ➲

◎ စာမျက်နှာ ၆ မှ

(ဂ) အသင်းအဖွဲ့၏ အခန်းကဏ္ဍ

(၁) မူဝါဒဆိုင်ရာ ထောက်ခံဆောင်ရွက်မှု - အစိုးရထံ ကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းနှင့် အရည်အသွေးဆိုင်ရာ အထောက်အထားများအတွက် ထောက်ခံချက်ပေးခြင်း၊

(၂) လုပ်ငန်းဆိုင်ရာစံချိန်စံညွှန်းများ - အဖွဲ့ဝင်များ၏ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းခြင်း၊

(၃) သုတေသန - ထုတ်လုပ်မှုလုပ်ငန်းတစ်ခုလုံးဆိုင်ရာ နည်းပညာနှင့် သုတေသနဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်း၊

(၄) စွမ်းရည်မြှင့်တင်ရေး - ထုတ်လုပ်သူများ၏ နည်းပညာစွမ်းရည် မြှင့်တင်ခြင်း၊

(၅) တောင်သူများထံဆက်သွယ်ရောက်ရှိရေး-သဘာဝမြေဩဇာ အသုံးပြုမှုအတွက် တောင်သူပညာပေးခြင်း၊

(၆) ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံပိုးကူညီရေး - အစိုးရနှင့် ရင်းနှီးမြှုပ်နှံသူများကြား စီမံကိန်းလုပ်ငန်းအစီအစဉ်များ ဖော်ဆောင်ခြင်း။

(ဃ)သုတေသနနှင့် နည်းပညာ အခန်းကဏ္ဍ

အစီအစဉ် ၁ - ဒေသတွင်း ကုန်ကြမ်းများ၏ သဘောသဘာဝသတ်မှတ်ချက်။

အစီအစဉ် ၂ - ဆွေးမြည့်ပစ္စည်းနှင့် ဘိုကာရှိ၏ ရှင်ကျက်မှုနှင့် အရည်အသွေး။

အစီအစဉ် ၃ - ဇီဝမီးသွေး၏ ဂုဏ်သတ္တိများနှင့် သင့်လျော်သော အသုံးချမှုများ။

အစီအစဉ် ၄ - ဇီဝမြေဩဇာ၏ ထိရောက်မှု။

အစီအစဉ် ၅ - သီးနှံအလိုက် အသုံးပြုမှု။

အစီအစဉ် ၆ - စီးပွားရေးအမြတ်အစွန်း။

အစီအစဉ် ၇ - ရေရှည်မြေဆီလွှာကျန်မာရေး။

အစီအစဉ် ၈ - စွန့်ပစ်ပစ္စည်းမှ အရင်းအမြစ်သို့ ပြောင်းလဲသည့် နည်းပညာများ။

(င) အရည်အသွေးအာမခံမှု

နိုင်ငံခြားငွေ ချေတာရန် ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်သည့်အခါ အရည်အသွေးပြည့်ဝရန် အတွက် ထိန်းသိမ်းရေးလုပ်ငန်းစဉ်သည် အရေးကြီးသည့်အချက်တစ်ချက်ဖြစ်ပါသည်။

အရည်အသွေးမပြည့်မီသော ထုတ်ကုန်ကြောင့် တောင်သူနှစ်နာမှု၊ သီးနှံဆုံးရှုံးမှု၊ ယုံကြည်မှုဆုံးရှုံးမှု၊ လုပ်ငန်းဂုဏ်သတင်းဆုံးရှုံးမှု ဖြစ်နိုင်သည်။

ထို့ကြောင့် ထုတ်လုပ်မှု → စမ်းသပ်စစ်ဆေးမှု → တံဆိပ်ကပ်ခြင်း → ခြေရာခံနိုင်မှု → ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုတစ်လျှောက် အရည်အသွေးအာမခံမှုစနစ် တည်ဆောက်ရမည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြဋ္ဌာန်းထားသော မြေဩဇာဥပဒေနှင့် ပြင်ဆင်ထားသော မြေဩဇာဥပဒေတို့တွင်ပါဝင်သည့် လိုက်နာရမည့် အချက်များနှင့်အညီ မည်သို့ချိတ်ဆက်မည်၊ မည်သည့်နေရာများကို ပြင်ဆင်ရန် သို့မဟုတ် ဖြည့်စွက်ရန် လိုမည်ဆိုသည်ကို ဆက်လက်သုံးသပ်ဆောင်ရွက်သင့်ပါသည်။

(စ)ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးမဟာဗျူဟာ

PPP စီမံကိန်းတစ်ခုစီအတွက် အောက်ပါဘဏ္ဍာရေးပုံစံကိုပြုလုပ်ရမည်-

အရင်းအနှီးအသုံးစရိတ်။ မြေနေရာ၊ စက်ရုံ၊ စက်ပစ္စည်း၊ ဓာတ်ခွဲခန်း၊ သိုလှောင်ရေး၊ ယာဉ်များ၊ အသုံးအဆောင်ဝန်ဆောင်မှုများ။

လည်ပတ်ရေးအသုံးစရိတ်။ ကုန်ကြမ်းများ၊ အလုပ်သမား၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ထုပ်ပိုးမှု၊ ပြုပြင်ထိန်းသိမ်းမှု၊ စမ်းသပ်စစ်ဆေးမှု၊ စီမံအုပ်ချုပ်မှု၊ ဝင်ငွေ။ ပြည်တွင်းရောင်းချမှု၊ အဖွဲ့အစည်းဆိုင်ရာ ဝယ်ယူမှု၊ တင်ပို့မှု၊ အရန်ထွက်ကုန်များ သို့မဟုတ် တွဲဖက်ထွက်ကုန်များ။

စီးပွားရေးအကျိုးအမြတ်များ။ တင်သွင်းမှုအစားထိုးခြင်း၊ နိုင်ငံခြားငွေကြေးချွေတာမှု၊ အလုပ်အကိုင်၊ အခွန်ဝင်ငွေ၊ ကျေးလက်ဝင်ငွေ၊ စွန့်ပစ်ပစ္စည်းလျှော့ချမှု။

အကောင်အထည်ဖော်မည့် လမ်းပြမြေပုံ (၂၀၂၆-၂၀၃၀)

အဆင့် ၁ - မူဝါဒနှင့် အခြေခံအချက်အလက် အမျိုးသားအဆင့် စက်မှုလုပ်ငန်းစာရင်း မြေဩဇာတင်သွင်းမှု အခြေခံအချက်အလက် အော်ဂဲနစ်အရင်းအမြစ် မြေပုံရေးဆွဲခြင်း ဥပဒေကြောဟချက် ခွဲခြမ်းစိတ်ဖြာချက် ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဖြစ်နိုင်ခြေလေ့လာမှုများ စမ်းသပ်စီမံကိန်းများ

အဆင့် ၂ - စမ်းသပ်အဆင့် ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု

ဒေသအလိုက် စမ်းသပ်စင်တာ ၃-၅ ခုအထိ လေ့လာတည်ဆောက်ရန်။

အဓိက စွမ်းဆောင်ရည်ညွှန်ကိန်း_"စမ်းသပ်စီမံကိန်းတွင် စီးပွားရေးအရ အမှန်တကယ် အောင်မြင်နိုင်မှု ရှိ၊ မရှိ တိုင်းတာခြင်း" ဖြစ်သည်။

အဆင့် ၃ - တိုးချဲ့ခြင်း

အောင်မြင်သော ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံများကို အခြားဒေသများသို့ တိုးချဲ့ရန်။

အဆင့် ၄ - အမျိုးသားကွန်ရက်

ဒေသအလိုက် အော်ဂဲနစ်မြေဩဇာကွန်ရက် တစ်ခုအဖြစ် ချိတ်ဆက်ရန်။

(က) အဓိကစွမ်းဆောင်ရည် ရည်ညွှန်းကိန်းမူဘောင် (KPI Framework)

အမျိုးအစား - အဓိကစွမ်းဆောင်ရည် ရည်ညွှန်းကိန်း

စက်မှုလုပ်ငန်း - မှတ်ပုံတင်ထားသော/အရည်အသွေးပြည့်မီသော ထုတ်လုပ်သူများ

ထုတ်လုပ်မှု - ပြည်တွင်းထုတ်လုပ်မှုပမာဏ

တင်သွင်းမှုအစားထိုးခြင်း - အစားထိုးလိုက်သော တင်သွင်းသွင်းအားစု

နိုင်ငံခြားငွေကြေး - အသားတင်နိုင်ငံခြားငွေကြေး ချွေတာမှု

အရင်းအမြစ် - ပြန်လည်ရယူလိုက်သော အော်ဂဲနစ် အရင်းအမြစ်

PPP - အောင်မြင်သော PPP စီမံကိန်းအရေအတွက်

တောင်သူများ - ဆက်သွယ်ရောက်ရှိသော တောင်သူများ

သုတေသန - ပြီးစီးသော လယ်ကွင်းစမ်းသပ်မှုများ

အရည်အသွေး - စမ်းသပ်စစ်ဆေးပြီးသော ထုတ်ကုန်များ

အလုပ်အကိုင် - ဖန်တီးပေးလိုက်သော အလုပ်အကိုင်များ

တင်ပို့မှု - တင်ပို့ရန်အသင့်ဖြစ်သော ထုတ်ကုန်များ

ပတ်ဝန်းကျင်ထိန်းသိမ်းမှု - လွှဲပြောင်း/ပြန်လည်ရယူ လိုက်သော စွန့်ပစ်ပစ္စည်းများ

မှတ်ချက် - အခြေခံအချက်အလက် မရရှိသေးသည့်အတွက် ၂၀၃၀ ရည်မှန်းချက် ကိန်းဂဏန်းများကို အစိုးရ အသင်း၊ စက်မှုလုပ်ငန်း ညှိနှိုင်းမှု ပြုလုပ်ပြီး သတ်မှတ်သင့်ပါသည်။

(ခ) ဘေးအန္တရာယ်စီမံခန့်ခွဲမှု (Risk Management)

၁ - အရည်အသွေး။ ဖြေရှင်းချက် - မဖြစ်မနေ စမ်းသပ်စစ်ဆေးခြင်း + ခြေရာခံနိုင်မှု။

၂-ဈေးကွက်။ဖြေရှင်းချက်-တောင်သူသရုပ်ပြခြင်း+ ဈေးကွက်သတင်းအချက်အလက်။

၃-ကုန်ကြမ်း။ ဖြေရှင်းချက် - ရေရှည်ထောက်ပံ့ရေး စာချုပ်များ + ဒေသအလိုက် စုဆောင်းရေးစင်တာများ။

၄ - ဘဏ္ဍာရေး။ ဖြေရှင်းချက် - ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု + ရောနှောဘဏ္ဍာရေး။

၅ - မူဝါဒ။ ဖြေရှင်းချက် - ရှင်းလင်းသောမူဝါဒ + ရေရှည်မူဘောင်။

၆ - နည်းပညာ။ ဖြေရှင်းချက် - တက္ကသိုလ်-စက်မှုလုပ်ငန်း သုတေသနနှင့် ဖွံ့ဖြိုးရေး။

၇ - ပတ်ဝန်းကျင်ထိန်းသိမ်းရေး။ ဖြေရှင်းချက် - ကုန်ကြမ်းစီစစ်ခြင်း + ပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်များ။

(ဂ) အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်း၊ ခြိမ်းခြောက်မှု ခွဲခြမ်းစိတ်ဖြာချက် (SWOT Analysis)

အားသာချက်များ။ ဒေသတွင်း အော်ဂဲနစ်အရင်းအမြစ်များ၊ စိုက်ပျိုးရေးအခြေခံ၊ လက်ရှိ ပုဂ္ဂလိက ထုတ်လုပ်သူများ၊ ပြည်တွင်းစွေးကွက်၊ တောင်သူအသိပညာ၊ ကျေးလက်အလုပ်အကိုင် အလားအလာ။

အားနည်းချက်များ။ အကန့်အသတ်ရှိသော အရည်အသွေးစမ်းသပ်စစ်ဆေးနိုင်စွမ်း၊ မညီမျှသော ထုတ်ကုန်အရည်အသွေး၊ အကန့်အသတ်ရှိသော အရင်းအနှီး၊ တည်ငြိမ်သော ကုန်ကြမ်းရရှိနိုင်မှု၊ အကန့်အသတ်ရှိသော အချက်အလက်။

အခွင့်အလမ်းများ။ တင်သွင်းမှုအစားထိုးခြင်း၊ နိုင်ငံခြားငွေကြေးချွေတာမှု၊ စီမံလန်းသောစီးပွားရေး၊ ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု၊ စဉ်ဆက်မပြတ် စီးပွားရေးဆောင်ရွက်မှု၊ တင်ပို့မှုအလားအလာ။

ခြိမ်းခြောက်မှုများ။ ရာသီဥတုပြောင်းလဲမှု၊ ငွေကြေးမတည်ငြိမ်မှု၊ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်၊ အရည်အသွေးညံ့သောထုတ်ကုန်များ။ အားနည်းသော ဈေးကွက်ယုံကြည်မှု။

(ဃ) မူဝါဒဆိုင်ရာ အကြံပြုချက်များ

(၁) "အမျိုးသားအော်ဂဲနစ်မြေဩဇာနှင့် ဇီဝသွင်းအားစု ဖွံ့ဖြိုးရေးအစီအစဉ်" တစ်ရပ် တည်ဆောက်ရန်။

(၂) အော်ဂဲနစ်မြေဩဇာထုတ်လုပ်မှုလုပ်ငန်းကို တင်သွင်းမှု အစားထိုးလုပ်ငန်းအဖြစ် သတ်မှတ်လေ့လာရန်။

(၃) ဒေသအလိုက် အော်ဂဲနစ်အရင်းအမြစ်နှင့် မြေဩဇာပြုပြင်ထုတ်လုပ်ရေးစင်တာများကို ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် စမ်းသပ်စတင်ရန်။

(၄) အမျိုးသားအဆင့် အော်ဂဲနစ်အရင်းအမြစ် မြေပုံရေးဆွဲခြင်းပြုလုပ်ရန်။

(၅) နိုင်ငံခြားငွေကြေးချွေတာမှုကို စီမံကိန်းတစ်ခုချင်းစီအလိုက်တိုင်းတာသည့် စနစ် တည်ဆောက်ရန်။

(၆) အရည်အသွေးစမ်းသပ်စစ်ဆေးရေး ဓာတ်ခွဲခန်းကွန်ရက် တိုးချဲ့ရန်။

(၇) အစိုးရမြေ/အခြေခံဆောက်အအုံနှင့်ပုဂ္ဂလိက အရင်းအနှီး/နည်းပညာပုံစံကို သင့်လျော်သည့် စီမံကိန်းများတွင် အသုံးချရန်။

(၈) တက္ကသိုလ်-ပုဂ္ဂလိကလုပ်ငန်းများ ပူးပေါင်းသည့် သုတေသနရန်ပုံငွေ တည်ဆောက်ရန်။

(၉) တောင်သူသရုပ်ပြခြင်းနှင့် မြေဆီလွှာစမ်းသပ်စစ်ဆေးခြင်းကို ပြည်သူ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုစီမံကိန်းတွင် မဖြစ်မနေ ထည့်သွင်းရန်။

(၁၀) အောင်မြင်သော ပြည်တွင်းထုတ်ကုန်များကို တင်ပို့နိုင်သောထုတ်ကုန်များ မြှင့်တင်ရန်။

မျှော်မှန်းရသော စီးပွားရေးအကျိုးသက်ရောက်မှု

ဤမဟာဗျူဟာသည် မြေဩဇာစက်ရုံများ တိုးပွားလာခြင်းတစ်ခုတည်းမဟုတ်ဘဲ အောက်ပါ economic activities များကို ဖြစ်ပေါ်စေနိုင်သည်-

(က) **တိုက်ရိုက်အကျိုးသက်ရောက်မှု။** စက်ရုံရင်းနှီးမြှုပ်နှံမှု၊ အလုပ်အကိုင်၊ ထုတ်လုပ်မှု။

(ခ) **သွယ်ဝိုက်အကျိုးသက်ရောက်မှု။** သယ်ယူပို့ဆောင်ရေး၊ ထုပ်ပိုးမှု၊ စက်ပစ္စည်း၊ ကုန်ကြမ်းစုဆောင်းခြင်း၊ ဓာတ်ခွဲခန်း၊ ဝန်ဆောင်မှုများ။

(ဂ) **ဆက်စပ်ဖြစ်ပေါ်လာသောအကျိုးသက်ရောက်မှု။** ကျေးလက်ဝင်ငွေ၊ ဒေသတွင်းသုံးစွဲမှု၊ အသေးစားစီးပွားရေးလုပ်ငန်းများ။

(ဃ) **မဟာဗျူဟာမြောက်အကျိုးသက်ရောက်မှု။** တင်သွင်းမှုအစားထိုးခြင်း၊ နိုင်ငံခြားငွေကြေးချွေတာမှု၊ ထောက်ပံ့ရေးကွင်းဆက် ခံနိုင်ရည်၊ စိုက်ပျိုးရေးယုံကြည်ပြိုင်နိုင်မှု။

အကျိုးသားအဆင့်ရရှိမည့် အကျိုးကျေးဇူးများ

ဤမဟာဗျူဟာကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက

နိုင်ငံအတွက်။ နိုင်ငံခြားငွေကြေးသုံးငွေကို လျော့ချနိုင်မည့် အခွင့်အလမ်းရှိမည်။

လယ်သမားအတွက်။ ဒေသတွင်းမှ ရရှိနိုင်သော သင့်လျော်သည့် သွင်းအားစုများကိုရရှိနိုင်မှု တိုးလာနိုင်မည်။

စီးပွားရေးလုပ်ငန်းအတွက်။ ပြည်တွင်းထုတ်လုပ်မှု၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စိမ်းလန်းသောစက်မှုလုပ်ငန်း ဖွံ့ဖြိုးလာနိုင်မည်။

အစိုးရအတွက်။ အများပြည်သူပိုင်အရင်းအမြစ်များကို မဟာဗျူဟာမြောက် အခြေခံအဆောက်အအုံနှင့် အထောက်အကူပြုပတ်ဝန်းကျင်တွင် ပိုမိုအာရုံစိုက်အသုံးချနိုင်မည်။

ပတ်ဝန်းကျင်အတွက်။ သင့်လျော်သော အော်ဂဲနစ်အရင်းအမြစ်များကို စွန့်ပစ်ပစ္စည်းအဖြစ် စွန့်ပစ်မည့် အစား အရင်းအမြစ်အဖြစ် ပြန်လည်အသုံးချနိုင်မည်။

နိဂုံး

ပြည်တွင်းတွင် ထုတ်လုပ်နိုင်သည့်ထုတ်ကုန်ကို ပြည်တွင်းမှာပင် ထုတ်လုပ်ခြင်း၊ ပြည်တွင်းမှာ ရရှိနိုင်သည့် အော်ဂဲနစ်အရင်းအမြစ်ကို တန်ဖိုးမြှင့်တင်ခြင်း၊ သိပ္ပံနည်းကျ အရည်အသွေးထိန်းချုပ်ခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ခြင်း၊ အစိုးရ၏ အခြေခံအဆောက်အအုံနှင့် မူဝါဒအထောက်အပံ့ကို ပေါင်းစပ်ခြင်းတို့ဖြင့် မြေဩဇာကဏ္ဍကို ဖွံ့ဖြိုးစေရုံသာမက နိုင်ငံခြားငွေချွေတာရေး၏ အစိတ်အပိုင်း တစ်ခုအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ဤစာတမ်း၏ မူဝါဒအဆိုပြုချက်မှာ နိုင်ငံခြားငွေချွေတာနိုင်သော ပြည်တွင်းစက်မှုလုပ်ငန်း၊ "သဘာဝမြေဩဇာကို ကျေးလက်စီးပွားရေးကို လှုံ့ဆော်ပေးနိုင်သော တန်ဖိုးကွင်းဆက်၊ စွန့်ပစ်ပစ္စည်းကို အရင်းအမြစ်အဖြစ် ပြောင်းလဲပေးနိုင်သော စဉ်ဆက်မပြတ် စီးပွားရေးဆောင်ရွက်မှုနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်သော အမျိုးသား မဟာဗျူဟာမြောက်လုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန်" ဖြစ်ပါသည်။

နောက်ဆက်တွဲများ

အမျိုးသားအဆင့် မူဝါဒဆိုင်ရာ နောက်ဆုံးအဆိုပြုချက်

"ဒေသတွင်းအရင်းအမြစ်များ → ဒေသတွင်းထုတ်လုပ်မှု → တင်သွင်းမှုအစားထိုးခြင်း → နိုင်ငံခြားငွေကြေးချွေတာမှု →ကျေးလက်ဒေသဖွံ့ဖြိုးရေး → အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု" ဟူသည့် စီးပွားရေးကွင်းဆက်ကို ၂၀၂၆-၂၀၃၀ ကာလအတွင်း တည်ဆောက်ရန် အဆိုပြုပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရက မူဝါဒချမှတ်သူ-ပုံပိုးကူညီသူ - စည်းမျဉ်းထိန်းသိမ်းသူအဖြစ်၊ ပုဂ္ဂလိကက ရင်းနှီးမြှုပ်နှံသူ - ထုတ်လုပ်သူ- ဆန်းသစ်တီထွင်သူ - ဈေးကွက်ဖွံ့ဖြိုးအောင် ဆောင်ရွက်သူအဖြစ်၊ အသင်းအဖွဲ့က လုပ်ငန်းညှိနှိုင်းသူ - မူဝါဒပေါင်းကူးသူအဖြစ်၊ တက္ကသိုလ်နှင့် သုတေသနအဖွဲ့များက အသိပညာနှင့် အထောက်အထားပံ့ပိုးသူအဖြစ်၊ လယ်သမားများက အသုံးပြုသူ - ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သူအဖြစ် စုပေါင်းဆောင်ရွက်သင့်သည်။ ။

ကိုးကားချက်

၁။ **မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန - Fertilizer Law နှင့် ဆက်စပ်ဥပဒေများ။**

၂။ Ministry of Agriculture, Livestock and Irrigation – Agriculture sector objectives and PPP/value-chain development framework

၃။ Myanmar Government – Public-Private Partnership policy and project information


၄။ ASEAN – Soil and Nutrient Management Guidelines.

၅။ ASEAN – Organic Agriculture Standards.

၆။ FAO – Sustainable Soil Management and Sustainable Agriculture literature.

၇။ Peer-reviewed literature on organic fertilizer, biofertilizer, compost, biochar, circular economy and integrated nutrient management.

သမ္မတရှီကျင့်ဖျင်နှင့် ဆွစ်ဇာလန်သမ္မတ ဂိုင်းပါမယ်လင် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်လက်မှတ်ထိုး



ပေကျင်း အောက်တိုဘာ ၃၁

သမ္မတရှီကျင့်ဖျင်နှင့် ဆွစ်ဇာလန် သမ္မတ ဂိုင်းပါမယ်လင် တို့သည် နှစ်နိုင်ငံ လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက် အဆင့်မြှင့်တင်ရေး လက်မှတ်ရေးထိုးပွဲကို ယမန်နေ့ကတက်ရောက်ခဲ့ကြောင်း စီအင်ဒန်အေသတင်းဌာနက ဖော်ပြသည်။

နှစ်နိုင်ငံ ဆွေးနွေးပွဲများအတွင်း သမ္မတရှီက ဆွစ်ဇာလန်နိုင်ငံသည် ဥရောပတိုက်ရှိ တရုတ်နိုင်ငံ၏ အရေးပါသော မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တရုတ်နှင့် ဥရောပနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုတွင် အမြဲတမ်းရှေ့တန်းမှ ဦးဆောင်နေခဲ့ကြောင်း ဆွစ်သမ္မတကို ပြောကြားခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်(အက်ဖ်တီအေ) လက်မှတ်ရေးထိုးခဲ့သည့် ဥရောပတိုက်ရှိ ပထမဆုံးနိုင်ငံဖြစ်ပြီး ယခုနှစ် ဩဂုတ်လတွင် အဆိုပါ သဘောတူညီချက် အဆင့်မြှင့်တင်ရေး ဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများကို အပြီးသတ်နိုင်ခဲ့သည့် ပထမဆုံး ဥရောပနိုင်ငံဖြစ်လာကြောင်း သိရသည်။ **Mon**



တရုတ်အမျိုးသားစီး လျှပ်စစ်ပျံသန်းရေးဘုတ်ပြုလုပ်ကာ ၎င်း၏ဇာတိ ဟူပေပြည်နယ်ရှိ ယန်စီမြစ်ကို ဖြတ်ကျော်ပျံသန်း

ပေကျင်း အောက်တိုဘာ ၃၁

အသက် ၁၄ နှစ်တွင် ကျောင်းထွက်ခဲ့သော အသက် ၂၆ နှစ်အရွယ် တရုတ်အမျိုးသား တစ်ဦးသည် "စပိုက်ဒါမန်း" ရုပ်ရှင်ထဲမှ ဂရင်းဂျေဘလင်း၏ ပျံသန်းရေးယာဉ်ကို အတုယူ၍ ကိုယ်တိုင်ပြုလုပ်ထားသည့် လျှပ်စစ်ပျံသန်းရေးဘုတ်ဖြင့် ၎င်း၏ ဇာတိ ဟူပေပြည်နယ်ရှိ ယန်စီမြစ်ကို ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း စီအင်ဒန်အေသတင်းဌာနက ဖော်ပြသည်။

အွန်လိုင်းတွင် ရုန်ချီအာပွဲ အမည်ဖြင့် ရေးသားဖော်ပြလေ့ရှိသူ ဆုန်းရှင်းပွဲသည် အောက်တိုဘာလဆန်း တရုတ်အမျိုးသား ဟူပေပြည်နယ်၊ အနှံးရိုးစီရင်စုရှိ ပါတွန်းမြို့နယ်နှင့် ယန်စီမြစ် အထက်မှ ပျံသန်းခဲ့သည့်အပြင် ထိုမြို့နယ်၏ ပါရန်ဟယ်အပန်းဖြေစခန်းရှိ ချောက်ကမ်းပါးကြားမှလည်း ဖြတ်သန်းပျံသန်းခဲ့ခြင်း ဖြစ်သည်။

၄င်း၏ဗီဒီယိုသည် တရုတ်နိုင်ငံသုံး တစ်တော့ဖြစ်သော ဒူယင်းတွင် လိုက်ခ် ၄ သန်းနီးပါး ရရှိခဲ့ပြီး နိုင်ငံပိုင် စီတီဗီဒွို ရုပ်သံလိုင်းနှင့် အခြားသော အဓိက သတင်းမီဒီယာများ၏ အာရုံစိုက်မှုကိုလည်း ရရှိခဲ့ကြောင်း သိရသည်။ **Mon**

အသက် ၉၀ အရွယ် ဂျပန်ကာယဗလမောင် တိုရိုဆူကဲဒါနာဇာ၀ါ စပိန်နိုင်ငံ ကိုစတာဒယ်ဟာရက်စမီး၌ ဓင်ပေါ်တက်ရောက်ယှဉ်ပြိုင်

မက်ဒရစ် အောက်တိုဘာ ၃၁

စပိန်နိုင်ငံ ကိုစတာဒယ်မာရက်စမီး၌ ယမန်နေ့က အသက် ၉၀ အရွယ် ဂျပန်အမျိုးသား ကာယဗလမောင် တိုရိုဆူကဲခါနာဇာ၀ါသည် ခန္ဓာကိုယ်ကြံ့ခိုင်မှုပန်းတိုင်ရောက်ရှိရန် အသက်အရွယ်သည် အဟန့်အတားမရှိပုံကို သက်သေပြရန်အတွက် စင်ပေါ်တက်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း စီအင်ဒန်အေသတင်းဌာနက ဖော်ပြသည်။

၄င်းအသက် ၉၀ အရွယ် ကာယဗလမောင်သည် အပြည်ပြည်ဆိုင်ရာ ကာယဗလနှင့် ကြံ့ခိုင်ရေးအဖွဲ့ချုပ်၏ သက်ကြီးတန်းပြိုင်ပွဲတွင် မိမိထက် ဆယ်စုနှစ်များစွာ အသက်ငယ်ရွယ်သူများနှင့် ယှဉ်ပြိုင်ရန် ပင်လယ်ကမ်းခြေမြို့ဖြစ်သော ဆန်တာဆူဆာနာသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

စင်နောက်ကွယ်၌ ခါနာဇာ၀ါသည် ငယ်ရွယ်သော ပြိုင်ဘက်များနှင့်နည်းတူ အဖွဲ့နှင့်အတူ လေ့ကျင့်ခန်းစတင်လုပ်ဆောင်ခြင်း၊ ခန္ဓာကိုယ် အရောင်တင်ဆေးများ သုတ်လိမ်းခြင်းတို့ကို ပြုလုပ်ခဲ့ပြီး နောက် စင်မြင့်မီးရောင်အောက် တွင် ကြွက်သားများကို ဖော်ထုတ် ပြသခဲ့ကြောင်း သိရသည်။ **Mon**



INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

STOP AIDS

အောက်တိုဘာ ၃၁ ရက်က ဓင်ကာပူလေထုအရည်အသွေး ကောင်းမွန်မှု သင့်တော်သည့် အဆင့်တွင်ရှိနေသည်ဟု ဆို

စင်ကာပူ အောက်တိုဘာ ၃၁

စင်ကာပူနိုင်ငံတွင် အောက်တိုဘာ ၃၁ ရက်က လေထုအရည်အသွေးသည် ကောင်းမွန်မှု သင့်တော်သည့် အဆင့်တွင်ရှိနေပြီး ၁ နာရီအတွင်း ပီအမ် ၂ ဒသမ ၅ တိုင်းတာချက်များသည် ပုံမှန်အဆင့်အတွင်း၌သာ ရှိနေသဖြင့် မြူခိုးအန္တရာယ်မှ ဆက်လက် သက်သာရာရရှိခဲ့ကြောင်း စီအင်ဒန်အေသတင်းဌာနက ဖော်ပြသည်။

နံနက် ၇ နာရီအချိန်တွင် စင်ကာပူတစ်ဝန်း ၁ နာရီအတွင်း ပီအမ် ၂ ဒသမ ၅ တိုင်းတာချက်များမှာ ၁၄ မှ ၄၀ အတွင်းရှိခဲ့ပြီး ဒေသအားလုံးတွင် ပုံမှန်အဆင့်အတွင်း၌သာ ရှိခဲ့သည်။

၂၄ နာရီအတွင်း လေထုညစ်ညမ်းမှုစံညွှန်းကိန်းမှာ ၅၆ မှ ၆၇ အတွင်းရှိခဲ့ပြီး လေထုအရည်အသွေးကို သင့်တော်သည့် အဆင့်အတွင်းသို့ ရောက်ရှိစေခဲ့ကြောင်း သိရသည်။ **Mon**



တရုတ်နိုင်ငံရောက် သမ္မတ ဖရန့်ခ်-၀ါတာ စတိုင်းမိုင်ယာ ချစ်ကြည်ရေး စာပွဲတင်တင်းနစ်ပွဲစဉ်များ ပါ၀င်ကစားခဲ့

ပေကျင်း အောက်တိုဘာ ၃၁

အောက်တိုဘာလ ၂၉ ရက် က ဂျာမနီသမ္မတ ဖရန့်ခ်-၀ါတာ စတိုင်းမိုင်ယာသည် ပေကျင်း တက္ကသိုလ်သို့ သွားရောက်ခဲ့ပြီး ခွေးထက်ပူ အားကစားရုံတွင် ကျောင်းသားများနှင့် ပါမောက္ခများပါ၀င်သော ချစ်ကြည်ရေး စာပွဲတင်တင်းနစ်ပွဲစဉ်များကို ပါ၀င်ကစားခဲ့ကြောင်း စီအင်ဒန်အေသတင်းဌာနက ဖော်ပြသည်။



အဆိုပါ အားကစားရုံသည် ၂၀၁၈ ခုနှစ် ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲ၏ စာပွဲတင်တင်းနစ်ပွဲများကို လက်ခံကျင်းပခဲ့သည့်နေရာဖြစ်သည်။

တက္ကသိုလ်သို့ သွားရောက်ခဲ့ပြီး ပညာဌာနမှ ပါမောက္ခနှင့် ကမ္ဘာ့စာပွဲတင်တင်းနစ်ချန်ပီယံတစ်ဦးဖြစ်သည့် လျူဝေနှင့် တွဲဖက်၍ စတိုင်းမိုင်ယာသည် ပေကျင်းတက္ကသိုလ်မှ ကောက်ဆောင်းနှင့် ဂျာမနီနိုင်ငံ၏ စာပွဲတင်တင်းနစ် ဂန္ထဝင်ကစားသမား တီမိုဘောလ်တို့နှင့်အတူ စိတ်လှုပ်ရှားဖွယ်ကောင်းသော ပွဲစဉ်တစ်ရပ်ကို ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။ **Mon**

ဗီယက်နမ် ဂျီဒီပီ ယခုနှစ်တိုးတက်လာမည်ဟု ခန့်မှန်းထား အင်ဒိုနီးရှားနိုင်ငံ၏ ၅၁၅၃ ဒေါ်လာကို ကျော်လွန်မည်

ဟနွိုင်း အောက်တိုဘာ ၃၁

ဗီယက်နမ်နိုင်ငံ၏ ဂျီဒီပီသည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၂၇၉ ဒေါ်လာသို့ ရောက်ရှိမည်ဟု ခန့်မှန်းထားပြီး အင်ဒိုနီးရှားနိုင်ငံ၏ ၅၁၅၃ ဒေါ်လာကို ကျော်လွန်မည်ဖြစ်ကြောင်း စီအင်ဒန်အေသတင်းဌာနက ဖော်ပြသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အောက်တိုဘာလ ကမ္ဘာ့စီးပွားရေး အလားအလာ အစီရင်ခံစာမှ ကိန်းဂဏန်းများအရ ဗီယက်နမ်၏ တစ်ဦးကျ သက်မှတ်ထုတ်လုပ်မှုတန်ဖိုးသည် လွန်ခဲ့သောနှစ်ထက် ၈ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာပြီး လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုကထက် နှစ်ဆနီးပါး တိုးတက်လာခဲ့ခြင်း ဖြစ်သည်။

လွန်ခဲ့သောနှစ်တွင် ဗီယက်နမ်သည် အင်ဒိုနီးရှား၏ နောက်၌ ဒေါ်လာ ၂၅၀ ခန့် လျော့နည်းလျက်ရှိခဲ့ပြီး ဧပြီလအလားအလာ ထုတ်ပြန်ချက်၌ ၂၀၂၆ ခုနှစ်တွင် အင်ဒိုနီးရှားက ရှေ့မှ ဆက်လက် ဦးဆောင်မည်ဟု နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားခဲ့ကြောင်း သိရသည်။ **Mon**



အမြဲ့မြဲ့ အနယ်နယ်မှ မှုခင်းသတင်းများ

မီးဖြိုမ်းသတ်ခြင်း သရုပ်ပြဆောင်ရွက်

မန္တလေး အောက်တိုဘာ ၃၁

အမရပူရမြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးဖြိုမ်းသတ်ခြင်း သရုပ်ပြခြင်းကို ယနေ့ နံနက်ပိုင်းက မှန်တန်းရပ်ကွက်၊ ဒန်တစ်ပင်ရပ်ရှိ Super 7 Star စားသောက်ကုန်လုပ်ငန်း၌ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးထွန်းနေနွယ်နှင့် သန္ဓေတပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးများ အသုံးပြု၍ မီးဖြိုမ်းသတ်နည်း၊ ဂတ်စ်ဖွင့်မီးဖြိုမ်းသတ်နည်း အရေးပေါ် မီးဖြိုမ်းသတ်နည်း အဆင့်ဆင့်တို့ကို လက်တွေ့ သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လဲ့လဲ့နိုင်(အမရပူရ)



အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့ မီးဖြိုမ်းသတ်သရုပ်ပြခြင်း ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၁

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ မြို့မရဲစခန်းတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့ မီးဖြိုမ်းသတ်သရုပ်ပြခြင်းကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါ ရဲစခန်းဝင်းအတွင်း ဆောင်ရွက်ခဲ့ရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်က မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းနှင့် ကာကွယ်ရန်နည်းလမ်းများအား အသိပညာပေးဟောပြောခဲ့ပြီးနောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် သန္ဓေတပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံ၊ ဆီပူမီး၊ ဂတ်စ်ဖွင့် မီးဖြိုမ်းသတ်နည်း၊ အရေးပေါ်ဖြိုမ်းသတ်နည်းအဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

(အပေါ်ဝံပုံ)
အောင်ပိုင်ဟိန်း



မြိတ်မြို့နယ်၊ အလယ်ကျွန်းရပ်ကွက်၌ နေအိမ်မီးလောင်မှု ဖြစ်ပွား



နေပြည်တော် အောက်တိုဘာ ၃၁

အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်ခန့်က တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ အလယ်ကျွန်းရပ်ကွက်ရှိ ပိုင်ရှင် ဦး… (၅၄)နှစ်ဆိုသူ၏ ပေ(၃၀×၅၀) အုတ်ညှပ်၊ ပျဉ်ထောင်၊ သွပ်မိုး၊ နှစ်ထပ်နေအိမ် အပေါ်ထပ်၌ ထားရှိသည့် Solar Battery နှင့် Inverter တို့ ချိတ်ဆက်ထားသည့် ဝိုင်ယာကြိုး အပူလွန်ကဲရာမှတစ်ဆင့် အနီးရှိ စက္ကူပုံးသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မြိတ်ခရိုင်နှင့် မြို့နယ်မီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ၂၇ စီးဖြင့် မီးဖြိုမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ပေ(၃၀×၅၀) အုတ်ညှပ်၊ ပျဉ်ထောင်၊ သွပ်မိုး၊ နှစ်ထပ် နေအိမ် အပေါ်ထပ် မီးလောင်ဆုံးရှုံးခဲ့သောကြောင့် ပိုင်ရှင် ဦး… ဆိုသူအား မြိတ်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝံပုံ)
(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ယာဉ်တိုက်မှုဖြစ်ပွား၍ ကလေးတစ်ဦး သေဆုံးမှုဖြစ်ပွား

မိတ္ထီလာ အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ သဘွတ်ကုန်းကျေးရွာအနီး မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်း မိုင်တိုင် အမှတ် ၂၅ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရှမ်းမင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကျောက်ပန်းတောင်းမြို့မှ မိတ္ထီလာမြို့ဘက်သို့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ လှော်ကားကျေးရွာနေ ဦးဇော်နိုအောင်(၄၃)နှစ်ဆိုသူ မောင်းနှင်လာသည့် LIGHT TRUCK မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဖြတ်ကူးသူ တစ်ရွာတည်းနေ မအေးအေးအောင် (၁၀) နှစ်ဆိုသူအား ဝင်ရောက်တိုက်မိခဲ့ပြီး ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် ယာဉ်အား မဆင်မခြင် ပေါ့လျော့စွာ မောင်းနှင်သူ ဇော်နိုအောင်ဆိုသူအား ရှမ်းမင်းနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)
(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



သဲတော-ဝမ်းတွင်းကားလမ်းတွင် ဆီဘောက်ဆာ ယာဉ်တိမ်းမှောက်

မိတ္ထီလာ အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သဲတော-ဝမ်းတွင်းကားလမ်းတွင် အောက်တိုဘာ ၂၇ ရက် ညနေ ၄ နာရီခွဲက ဆီဘောက်ဆာယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ဆီဘောက်ဆာယာဉ်တိမ်းမှောက်ရာသို့ ဝမ်းတွင်းမြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက မီးဖြိုမ်းသတ်ယာဉ် နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီးဖြင့် ဆီယိုစိမ့်မှုကြောင့် မီးလောင်မှုဖြစ်ပွားစေရေးအတွက် အအေးပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
မိုးသီး



မီးလောင်မှု၊ မီးလန့်မှုများ မပြစ်မှားစေရေး အသိပညာပေး

မူဆယ် အောက်တိုဘာ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး အတွက် အသိပညာပေးခြင်းနှင့် စစ်ဆေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မူဆယ်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များကို ကွင်းဆင်း ဆောင်ရွက်ခဲ့ရာ မူဆယ်ခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနေဝင်းတိုး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါ၍ စက်သုံးဆီအရောင်းဝန်ထမ်းများနှင့် ဆီဆိုင်ပိုင်ရှင်များအား စက်သုံးဆီ သိုလှောင်မှု စနစ်တကျ ရှိစေရေး၊ မီးဘေးလုံခြုံရေးပစ္စည်းများဆောင်ရွက်ထားရှိမှုများအား စစ်ဆေးခြင်း၊ မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခြင်း၊ ရေဖြင့် လက်တွေ့ မီးငြိမ်းသတ်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ မီးဘေးလုံခြုံရေး ထောက်ခံချက် (FSC) လျှောက်ထားစေရေးများကို ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) မြို့နယ်(ပြန်/ဆက်)

နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွား

ညောင်ဦး အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ သီရိမင်္ဂလာရပ်တွင် အောက်တိုဘာ ၂၆ ရက် ည ၁၁ နာရီ ၂၅ မိနစ်က နေအိမ်တစ်လုံး မီးလောင်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုကို ညောင်ဦးခရိုင် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ မြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ် တစ်စီး၊ အမှတ်(၄)အရှန်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် တစ်စီး၊ အမှတ်(၅) အရှန်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်တစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီခွဲတွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်ရာတွင် ထန်းရွက်မိုး၊ ထရံကာ မြေစိုက်နေအိမ် တစ်လုံး ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစ္စာ သုံးစွဲသူ နေအိမ်ပိုင်ရှင်အား ညောင်ဦးမြို့မရဲစခန်းမှ ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(ဝံပုံ)
(၀၅၇)

o-o-o-o-o

o-o-o-o-o-o-o-o

မူးယစ်ဟူက တိုက်ဖျက်ကြ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော်၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကိုခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက် သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၅၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့တွင် ၂၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၆) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု





အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန့်ရှင်းရေးနှင့် စုပေါင်းသွေးလှူဒါန်း

ချောက် အောက်တိုဘာ ၃၁

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ (၃၈) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချောက်ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများကယနေ့နံနက်ပိုင်းက မြို့နယ်ခုတင် (၅၀)ဆုံပြည်သူ့ဆေးရုံ၌ သန့်ရှင်းရေးနှင့်စုပေါင်းသွေးလှူဒါန်းခဲ့သည်။

ထိုသို့ဆောင်ရွက်မှုတွင်ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူ့ဆေးရုံအတွင်းအပြင်ရှိ အမှိုက်၊ ပေါင်းမြက်များ၊ အဆောက်အအုံပေါ်ရှိ ကျရောက်နေသည့် သစ်ကိုင်းများရှင်းလင်းခြင်းနှင့် စုပေါင်းသွေးလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်နှင့်တာဝန်ရှိသူတို့ကြည့်ရှုအားပေးပြီး စုပေါင်းသွေးလှူဒါန်းသူများအတွက် အားဆေးများ၊ အာဟာရဖြည့်စွက်စာများပေးအပ်ခဲ့သည်။

(အောက်ပုံ) ကျော်မိုး(ပြန်/ဆက်)



မီးလောင်မှု၊ မီးလန့်မှုများ လျော့နည်းစေရေး မီးဘေးလုံခြုံရေးစစ်ဆေး

မန္တလေး အောက်တိုဘာ ၃၁

ပုပြင်းခြောက်သွေ့ပြီး အယ်လ်နီညိုဖြစ်စဉ်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုများလျော့နည်းစေရေးအတွက် အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်ဦးစီး၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များသည် အမရဋ္ဌာနီအရှေ့ရပ်ကွက်ရှိ မန္တလေးဘီယာနှင့် အရက်ချက်စက်ရုံအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများ အသင့်အသုံးပြုနိုင်ရန် တပ်ဆင်ထားမှု ရှိ/မရှိ စစ်ဆေးခြင်းများနှင့် တာဝန်ရှိသူများအား အကြံပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(မန္တလေးနေ့စဉ် ၄)



ရန်ကင်းတောင် (မိန်း)မြောင်း တူးမြောင်း ကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပုသိမ်ကြီး အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ဆည်တော်ကြီး ရေသောက်စနစ် ရန်ကင်းတောင် (မိန်း)မြောင်း တူးမြောင်းအလျှောကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခြင်းကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် အဖွဲ့ဝင်များ၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများအား ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခိုင်လင်းက တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကင်းတောင် (မိန်း)မြောင်း၊ တူးမြောင်း အလျှောကာကွယ်ရေး လုပ်ငန်းကို ပေတိုင် (၀)မှ ပေတိုင် ၆၀၀၀ အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသဝန်းစာဖုလုံစေရန် ရေပေးဝေသည့် မြောင်းတစ်ခုဖြစ်ပြီး စိုက်ပျိုးဧက ၂၉၄၈ ဧကအား အကျိုးပြု၍ ခွေစပါး၊ မိုးစပါး အပြင် ဆီထွက်သီးနှံနှင့် ပဲအမျိုးမျိုးတို့ စိုက်ပျိုးရန် အကျိုးပြုမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပြောကြားခဲ့သည်။

အဆိုပါလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုရာသို့ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ရွှေရန်ကင်း)

ဓမ်ပိန်လာလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁) အနိုင်၊ အရှုံး			NGB
လီဝန်တေး	၀	၂	အက်သလက်တီကို
ဗယ်လက်ကာနီ	၃	၀	ဆဲလ်တာဗီဂို

ဂျာဗန်ဘွန်ဒက်လိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၈)အနိုင်၊ အရှုံး			NGB
အော့စ်ဘတ်	၁	၂	ဖရိုင်းဘတ်
လေဟာကူဆင်	၂	၄	စတုဂတ်
မိုချန်ဂလာဘတ်	၀	၀	ပါဒါဘွန်း
ရွှော်လ်ကေး	၀	၂	လိုက်ပဇစ်

အီတလီဗီးရိုးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀)အနိုင်၊ အရှုံး			NGB
ဘိုလော့်နာ	၂	၁	မွန်ဇာ
အူဒီးနိစ်	၂	၅	မီးမား

အင်္ဂလိပ်ပရီမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉) အနိုင်၊ အရှုံး			NGB
ချဲလ်ဆီး	၂	၀	မန်ယူ
ဘုန်းမောက်	၂	၀	လီဒ်စ်
ဘရန်တို့ဒ်	၂	၀	နော်တင်ဟမ်
ကိုပင်ဟေဂင်	၃	၁	ဆန်းဒါးလန်း
ဟားလ်စီးတီး	၂	၂	အစ်ဆွစ်ချ်
မန်စီးတီး	၀	၁	ဘရိုက်တန်

အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၃) အနိုင်၊ အရှုံး			NGB
ဝက်ဗ်ဟမ်း	၁	၃	ဝက်စ်ဘရွမ်း
၀ုဗ်	၃	၀	ကာဒစ်ဖ်



အလက်ဆီဘာထရာကော့ပ်ကို ခေါ်ယူရန် ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့ အပြိုင်စိတ်ဝင်စား



ပါရီ အောက်တိုဘာ ၃၁

ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့သည် ဂါလာတာစာရေးအသင်း ကွင်းလယ်ကစားသမား အလက်ဆီဘာထရာကော့ပ်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက် (၂၁) နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဂါလာတာစာရေးအသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၁ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့က အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ဂါလာတာစာရေးအသင်းက လည်း အလက်ဆီဘာထရာကော့ဗ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့အနေဖြင့် ဂါလာတာစာရေးအသင်းထံမှ အလက်ဆီဘာထရာကော့ဗ်ကို မည်သည့်အသင်းက လက်ဦးမှုရရှိအောင် ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ)

(NGB)

မက်ဆန့်လက်ခရွိုက်စ် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်အတန်ကြာ အနားယူရဖွယ်ရှိ

လန်ဒန် အောက်တိုဘာ ၃၁

ချဲလ်ဆီးအသင်း နောက်ခံကစားသမား မက်ဆန့်လက်ခရွိုက်စ် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်အတန်ကြာ အနားယူရဖွယ်ရှိသည်။

အဆိုပါ နောက်ခံကစားသမားသည် လိဂ်ဖလားပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းက လီဗာပူးအသင်းကို ပင်နယ်တီ အဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား မက်ဆန့်လက်ခရွိုက်စ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက် (၂၆) နှစ်အရွယ်ရှိ မက်ဆန့်လက်ခရွိုက်စ်သည် ချဲလ်ဆီးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၁ပွဲကစားပြီး ခြေစွမ်းပြထားသည်။

(အောက်ပုံ)

(NGB)





လိုင်လီအသင်းက လန်စ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

ပါရီ အောက်တိုဘာ ၃၁

ပြင်သစ်လီဂူးပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက လိုင်လီအသင်းနှင့် လန်းစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လိုင်လီအသင်းက လန်းစ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

လိုင်လီအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၈၆မိနစ်တွင် ဂျူးက သွင်းယူပေးခဲ့သည်။

လိုင်လီအသင်းသည် ပြင်သစ်လီဂူးပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၈ရက်တွင် ရင်းနှက်စ်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

ပူလီဆစ် အေစီမီလန်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

မီလန် အောက်တိုဘာ ၃၁

အေစီမီလန်အသင်းသည် အသင်းတောင်ပံကစားသမား ပူလီဆစ်ကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၂ပွဲကစားပြီး ၄၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းကသက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ (ယာပုံ)

အသက် (၂၈) နှစ်အရွယ်ရှိ ပူလီဆစ်က 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်' ဟု ပြောသည်။ (NGB)



2026 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Diana Shnaider တက်ရောက်

တိုကျို အောက်တိုဘာ ၃၁

ဂျပန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ရုရှားတင်းနစ်မယ် Diana Shnaider တက်ရောက်ခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်မယ် Diana Shnaider သည် 2026 Jingshan Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဖိလစ်ပိုင်တင်းနစ်မယ် Alexandra Eala အား ၂-၆၊ ၇-၆၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2026 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်တွင် ရုရှားတင်းနစ်မယ် Diana Shnaider နှင့် ဆလိုဗက်ကီးယားတင်းနစ်မယ် Mia Pohankova တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆) နိဂုံး

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၁-၁၁-၂၀၂၆ တနင်္ဂနွေနေ့	ညနေ ၄း၃၀ နာရီ	စစ်ကိုင်း - သစ္စာအားမာန်	စစ်ကိုင်း ၃-၃ သစ္စာအားမာန် သစ္စာအားမာန် ၃-၀ စစ်ကိုင်း
″	ညနေ ၄း၃၀ နာရီ	ဟံသာဝတီ - ချင်းလန်	----

ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉) နိဂုံး

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၁-၁၁-၂၀၂၆ ည ၈း၃၀ နာရီ	စထာရာဘော့စ် - အော်ဇေး	စထာရာဘော့စ် ၃-၀ အော်ဇေး အော်ဇေး ၀-၀ စထာရာဘော့စ်
၁-၁၁-၂၀၂၆ ည ၁၀း၄၅ နာရီ	လိုင်ယွန် - အန်းဂါးစ်	လိုင်ယွန် ၁-၀ အန်းဂါးစ် အန်းဂါးစ် ၀-၀ လိုင်ယွန်
″	ပဲရစ် - မိုနာကို	ပဲရစ် ၄-၁ မိုနာကို မိုနာကို ၀-၁ ပဲရစ်
၂-၁၁-၂၀၂၆ နံနက် ၀း၁၅ နာရီ	မာဆေးလ် - တူးလောဇ်	မာဆေးလ် ၂-၂ တူးလောဇ် တူးလောဇ် ၀-၁ မာဆေးလ်

ဆပ်နိလာလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁) နိဂုံး

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၁-၁၁-၂၀၂၆ ည ၇း၃၀ နာရီ	ဂီတာဇေး - ဆီဗီလာ	ဂီတာဇေး ၀-၁ ဆီဗီလာ ဆီဗီလာ ၁-၂ ဂီတာဇေး
၁-၁၁-၂၀၂၆ ည ၉း၄၅ နာရီ	ရေးဆင်း - ရီးရဲလ်မက်ဒရစ်	ရေးဆင်း ၀-၀ ရီးရဲလ်မက်ဒရစ် ရီးရဲလ်မက်ဒရစ် ၄-၀ ရေးဆင်း
၂-၁၁-၂၀၂၆ နံနက် ၀၀း၀၀ နာရီ	အယ်လ်ချီ - ဗလင်စီယာ	အယ်လ်ချီ ၁-၀ ဗလင်စီယာ ဗလင်စီယာ ၁-၁ အယ်လ်ချီ
၂-၁၁-၂၀၂၆ နံနက် ၀း၃၀ နာရီ	ဘီလ်ဘာအို - ဆိုစီဒက်	ဘီလ်ဘာအို ၁-၁ ဆိုစီဒက် ဆိုစီဒက် ၃-၂ ဘီလ်ဘာအို

အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉) နိဂုံး

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၁-၁၁-၂၀၂၆ ည ၁၁း၀၀ နာရီ	လီဗာပူး - အာဆင်နယ်	လီဗာပူး ၁-၀ အာဆင်နယ် အာဆင်နယ် ၀-၀ လီဗာပူး

ဂျာမန်ဘွန်ဒက်လိဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၈) နိဂုံး

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၁-၁၁-၂၀၂၆ ည ၉း၀၀ နာရီ	ယူနိုင်တဘာလင် - ကိုလုံး	ယူနိုင်တဘာလင် ၂-၂ ကိုလုံး ကိုလုံး ၀-၁ ယူနိုင်တဘာလင်
၁-၁၁-၂၀၂၆ ည ၁၁း၀၀ နာရီ	ဖရန့်ဖတ် - ဟမ်းဘတ်	ဖရန့်ဖတ် ၁-၂ ဟမ်းဘတ် ဟမ်းဘတ် ၁-၁ ဖရန့်ဖတ်

အီတလီအ်ရီးဇေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀) နိဂုံး

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၁-၁၁-၂၀၂၆ ညနေ ၆း၀၀ နာရီ	ကိုမို - ဗင်နီဇီယာ	ကိုမို ၁-၀ ဗင်နီဇီယာ ဗင်နီဇီယာ ၂-၂ ကိုမို ၂၀၂၄-၂၅
၁-၁၁-၂၀၂၆ ည ၈း၃၀ နာရီ	ဇက်ဖီနိုး - တိုရီနို	ဇက်ဖီနိုး ၀-၀ တိုရီနို တိုရီနို ၀-၀ ဇက်ဖီနိုး ၂၀၂၄-၂၅
″	လာဇီယို - ကက်ဂလီယာရီ	လာဇီယို ၂-၀ ကက်ဂလီယာရီ ကက်ဂလီယာရီ ၀-၀ လာဇီယို
၁-၁၁-၂၀၂၆ ည ၁၁း၃၀ နာရီ	လက်ချီ - ဂျီနိုအာ	လက်ချီ ၁-၀ ဂျီနိုအာ ဂျီနိုအာ ၀-၀ လက်ချီ
၂-၁၁-၂၀၂၆ နံနက် ၀း၁၅ နာရီ	ဏူဗင်တပ် - နာပိုလီ	ဏူဗင်တပ် ၃-၀ နာပိုလီ နာပိုလီ ၂-၀ ဏူဗင်တပ်

ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

မြစ်သား အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အိမ်ရှေ့တောင်ကျေးရွာ၌ မြစ်မိုးရောင် ကျေးရွာစီမံကိန်းမှ အတိုးရငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် အင်ဂျင်နီယာဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အိမ်ရှေ့တောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများအား တွေ့ဆုံကာ ကျေးရွာတွင်း ကွန်ကရစ်လမ်းအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ အိမ်ရှေ့တောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၈၅၀ ပေ ၊ အကျယ် ၁၂ ပေ ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေမှ ၂၅ ရာခိုင်နှုန်း အတိုးရငွေကျပ် ၂၂ ဒသမ ၃၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၁ ဒသမ ၃၈ သန်း ၊ စုစုပေါင်း ရန်ပုံငွေကျပ် ၃၃ ဒသမ ၆၈ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၃၀ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အိမ်ရှေ့တောင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ထောင်စု ၂၃၁ စု ၊ လူဦးရေ ၈၂၉ ဦးအတွက် ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်း မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ **(အပေါ်ဝဲပုံ)**

(၄၄၅)

o-o-o-o-o-o



နိုင်ငံဝီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တိုက်ရိုက်ထုတ်ချေးမည့် ရန်ပုံငွေ (၀ါသီးနုံ) စာချုပ်ချုပ်ဆိုခြင်းနှင့် ချေးငွေငေးအပ်ပွဲ ကျင်းပ

စဉ်ကိုင် အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ဝါးသီးနုံ စိုက်ပျိုးရေး လုပ်ငန်းများအတွက် တိုက်ရိုက် ချေးငွေထုတ်ချေးပေးခြင်းဖြင့် တောင်သူများ၏ စိုက်ပျိုးစရိတ် အရင်းအနှီးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ဝါသီးနုံ ထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ တိုက်ရိုက် ထုတ်ချေးမည့် ရန်ပုံငွေ (၀ါသီးနုံ) စာချုပ်ချုပ်ဆိုခြင်းနှင့် ချေးငွေ ပေးအပ်ပွဲကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ချေးငွေပေးအပ်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မင်းဆင့်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များက တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ဝါစိုက်ဧက ၁၅၀၀ အတွက် ငွေကျပ် သိန်း ၄၅၀၀၀ကို ဝါစိုက်တောင်သူ ၂၅၆ ဦးအား ချေးငွေပေးအပ်ခဲ့ပြီး စာချုပ်ချုပ်ဆိုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

ကျော်စွာ(စဉ်ကိုင်)

အပတ်စဉ်စနေနေ့တိုင်း ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

တောင်တွင်းကြီး အောက်တိုဘာ ၃၁

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့၌ မြို့ပေါ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ယနေ့ နံနက် ၇ နာရီက ရတနာပွင့်လှကန်တော်ကြီးကန်ပေါင်တစ်လျှောက် ဘေး၀ဲ၊ ယာရှိ ချုံနွယ်များနှင့် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များနုတ်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ခြင်အန္တရာယ်ကင်းရှင်းရေး ရေရေးမွှေးများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ စုစုပေါင်းအင်အား ၂၅၀ ဦးဖြင့် ရတနာပွင့်လှကန်တော်ကြီးကန်ပေါင်တစ်လျှောက် ဘေး၀ဲ၊ ယာရှိ ချုံနွယ်များနှင့် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များနုတ်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ခြင်အန္တရာယ်ကင်းရှင်းရေး ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းခြင်း၊ ခွန့်ပစ်အမှိုက်များ ကောက်ယူခြင်းနှင့် အမှိုက်လှဲခြင်း လုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသည့်အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပို့ ဓမ်္မာတော်ယာဉ်ဖြင့် စနစ်တကျ ခွန့်ပစ်ခဲ့ကြောင်း သိရသည်။ **ဦးမျိုး(ဗိသနိုးမြေ)**



မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းလှ အောက်တိုဘာ ၃၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်းကို လျော့ချနိုင်ရန်ရည်ရွယ်၍ ပေတောကျေးရွာအုပ်စု၊ ပေတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ (၁၂)ကြိမ်မြောက် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမိုးသူက ပေတောကျေးရွာ၌ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၉ ဒသမ ၅၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပေတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၃၃ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၁၆ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၆ ဒသမ ၃ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၉ ဒသမ ၅၅သန်းအား နေ့ချင်းပြီးထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) ဆက်လူ



ပင်တလည်ကျေးရွာတွင် သံပရိုစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ဥယျာဉ်ခြံမြေနှင့် ကိုင်း၊ ကျွန်းမြေများတွင် နှစ်ရှည်သီးနှံပင်များဖြစ်သော သရက်၊ သံပရိ၊ မာလကာ စသည့် သီးနှံများနှင့် ကာလတို ဟင်းသီးဟင်းရွက်များဖြစ်သော နံနံ၊ ဆလတ်၊ ဘူး၊ မုန်ညင်း၊ ခဲဝဲ၊ ကြက်ဟင်း ခါ၊ စသည့် သီးပင်စားပင်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပင်တလည် ကျေးရွာတွင် စိုက်ပျိုးထားသော သံပရိစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

သံပရိပင်များကို အပင်ငယ်သည့်အချိန်တွင် ပေါင်းမြက်ရှင်းလင်းခြင်း၊ မြေဆွေးများ ဆောင်ရွက်ပေးရပြီး ရေကြိုက်နှစ်သက်သည့်အတွက် အစိုဓာတ်မပြတ်စေရန် ရေသွင်းပေးရကြောင်း၊ လိုအပ်သည့်အချိန်တွင် မြေဩဇာကျွေးခြင်းနှင့် သစ်ကိုင်းအခြောက်များ ရှင်းပေးရကြောင်း၊ စတင်ခူးဆွတ်ချိန်တွင် အလုံးရေ နည်းပါးသော်လည်း အပင်သက်တမ်း သုံးနှစ်ကျော်လာပါက အသီးများဖြိုင်ဖြိုင်သီးလာကြောင်း၊ သံပရိသီးနှံသည် နှစ်ရှည်သီးနှံပင်တစ်မျိုးဖြစ်ပြီး အပင်အပြုအစုကောင်းပါက နှစ်ပတ်လည်အပွင့်များနှင့် အသီးများ အဆက်မပြတ်သီးကြောင်း၊ ရောင်းချရာတွင် ဈေးကွက်နှင့် အသီးအထွက်နှုန်းအပေါ် မူတည်၍ အသီးများ ခူးဆွတ်ရောင်းချသည်။

ကျောက်ဆည်မြို့နယ်အတွင်းရှိ သံပရိစိုက်တောင်သူများအနေဖြင့် ကိုင်းကူးမျိုးကို အဓိကထား စိုက်ပျိုးကြကြောင်းနှင့် ကိုင်းကူးမျိုးသည် စိုက်ပျိုးပြီး တစ်နှစ်အကြာတွင် စတင်ခူးဆွတ်ရပြီး သုံးနှစ်အရွယ်တွင် အသီးများဖြိုင်ဖြိုင် သီးလာကြောင်းနှင့် အပင်သန်မာစေရန်နှင့် ကိုင်းဖြာထွက်မှု ကောင်းမွန်စေရန်အတွက် တစ်ပင်နှင့်တစ်ပင် ၁၆ ပေ မှ ၁၈ ပေ အကွာ အတန်းလိုက်စနစ်ဖြင့် အမျိုးမျိုးစိုက်ပျိုးကြောင်း၊ သံပရိစိုက်ပျိုးသည့် တောင်သူ ဦးမြင့်သိန်းကိုက ပြောသည်။

(အောက်ပုံ)

(၄၈၅)



ကြက်သွန်နီ တစ်ကေစိုက်ပျိုးရန် ပျိုးခင်း ၀ ဒသမ ၀၅ ဧက လိုအပ်

မန္တလေး အောက်တိုဘာ ၃၁

ကြက်သွန်နီစိုက်ပျိုးရန်အတွက် မျိုးစေ့များကို အောက်တိုဘာလမှ နိုဝင်ဘာလလယ်အထိ ပျိုးထောင်နိုင်ပြီး တစ်ဧကစိုက်ပျိုးရန် ပျိုးခင်း ၀ ဒသမ ၀၅ ဧကခန့် လိုအပ်သည်။

ကြက်သွန်နီမျိုးများတွင် ရွေဖလား၊ ဘောင်စောက်၊ သပိတ်လုံး နှင့် မင်းတုံးဥမြောမျိုးများရှိပြီး ရွေဖလားမျိုးကို အများဆုံး စိုက်ပျိုးကြသည်။

ပျိုးခင်းပြုလုပ်ရာတွင် မြေကို ထယ်တစ်စပ်၊ နှစ်စပ်၊ ထွန်ခြောက်စပ်နှင့် ရှစ်စပ်ဝင်အောင် ထွန်ရက်ပြီး ပျိုးပေါင်များ ပြုလုပ်ရမည်ဖြစ်သည်။ ထို့နောက် ပျိုးပေါင်ပေါ်တွင် နွားချေးမှုန့်နှင့် မြေဆွေးမှုန့်တို့ကို ညီညာစွာ ရောနှောပေးရမည် ဖြစ်သည်။ တစ်ဧကစာ ပျိုးထောင်ရန်အတွက် ၄၇ ပေ ပတ်လည်ခန့်ရှိသော ပျိုးခင်းတစ်ခု လိုအပ်သည်။



မျိုးစေ့များကို ပျိုးမထောင်မီ မျိုးစေ့လုံးနယ်ဆေးဖြင့် လူးနယ်ပေးခြင်းဖြင့် ပိုးမွှားနှင့် ရောဂါကျရောက်မှုများကို အတိုင်းအတာတစ်ခုအထိ ကြိုတင်ကာကွယ်နိုင်သည့်အပြင် အပင်ပေါက်နှုန်းလည်း ကောင်းမွန်စေနိုင်သည်။

ပြင်ဆင်ထားသော ပျိုးခင်းတွင် မျိုးစေ့များကို ညီညာစွာကြဲပက်ခြင်း သို့မဟုတ် အတန်းလိုက် ပျိုးထောင်နိုင်ပြီး ပေါင်းမြက်ရှင်းလင်းရာတွင် လွယ်ကူစေရန် အတန်းလိုက်ပျိုးထောင်သင့်သည်။

ပျိုးထောင်သည့်ရက်မှစ၍ ရေပုံမှန်လောင်းပေးရမည်ဖြစ်ပြီး ပျိုးပင် ၁၅ ရက်သားအရွယ် ရောက်ပါက တစ်ရက်ခြား တစ်ကြိမ် ရေလောင်းပေးရမည် ဖြစ်သည်။ ပျိုးပင်များ အသက် ၄၅ ရက်မှ ရက် ၆၀ အတွင်း ရောက်ရှိလာပါက ပျိုးနုတ်၍ ပြောင်းရွေ့စိုက်ပျိုးနိုင်သည်။

ထို့အပြင် ပျိုးပင်များ တောင့်တင်းစေရန် ပျိုးမနုတ်မီ ခုနစ်ရက်အလိုတွင် ရေဖြတ်ထားပြီး ပျိုးနုတ်မည့်ရက်မတိုင်မီ တစ်ရက်အလိုမှသာ ရေပြန်လည်လောင်းပေးရမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)



ပြင်ဦးလွင် ဓမ္မဓရုဏ်ခေါင်းသာကျောင်းတိုက်သို့ နေ့စဉ် ဘုရားပူးနှင့် အလည်အပတ်လာရောက်သူများပြား စည်ကားလျက်ရှိ

ပြင်ဦးလွင် အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရွှေချောင်းကျေးရွာရှိ ဓမ္မဓရုဏ်ခေါင်းသာကျောင်းတိုက်သို့ နေ့စဉ် ဘုရားဖူးလာရောက်သူများနှင့် အလည်အပတ်လာရောက်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

အဆိုပါကျောင်းတိုက်သို့ ပြင်ဦးလွင်မြို့ခံများအပြင် အခြားဒေသများမှ ဘုရားဖူးခရီးသွားများနှင့် မိသားစုလိုက် အပန်းဖြေလည်ပတ်သူများ လာရောက်ကြသဖြင့် နေ့စဉ် လာရောက်လည်ပတ်သူ များပြားလျက်ရှိသည်။

လက်ရှိတွင် ကျောင်းတိုက်အတွင်းရှိ စေတီတော်ကို ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဘုရားဖူးပြည်သူများနှင့် အလည်အပတ်လာရောက်သူများ ပိုမိုအဆင်ပြေစေရန် လမ်းများကိုလည်း ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် လာရောက်သူများ၏ယာဉ်များ အဆင်ပြေစွာ ရပ်နားနိုင်ရေးအတွက် ယာဉ်ရပ်နားစခန်းများနှင့် အများပြည်သူ အနားယူအပန်းဖြေနိုင်မည့် နေရာများကိုလည်း ပြုပြင်မွမ်းမံလျက်ရှိသည်။

အဆိုပါပြုပြင်မွမ်းမံမှုများကြောင့် ဘုရားဖူးလာရောက်သူများနှင့် အလည်အပတ်လာရောက်သူများအတွက် သွားလာရေး၊ ယာဉ်ရပ်နားရေးနှင့် အနားယူအပန်းဖြေရေးတို့တွင် ပိုမိုအဆင်ပြေလာမည်ဖြစ်ပြီး ဓမ္မဓရုဏ်ခေါင်းသာကျောင်းတိုက်သည် ဘာသာရေးဆိုင်ရာ ဖူးမြော်လည်ပတ်စရာနေရာတစ်ခုအဖြစ် ပိုမိုစည်ကားလာမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၈)

မန္တလေးဈေးကွက်တွင် ကန်စွန်းဥ တစ်ပိဿာ ငွေကျပ် ၃၀၀၀ မှ ၄၅၀၀ အထိရှိ

မန္တလေး အောက်တိုဘာ ၃၁

ကန်စွန်းဥကို မန္တလေးဈေးကွက်တွင် လက်ကားတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ၃၅၀၀၊ လက်လီတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ၄၅၀၀ အထိ ရောင်းချလျက်ရှိသည်။

ကန်စွန်းဥသည် မြေသားပေါ့ပါးပြီး ရေစီးရေလာကောင်းမွန်သည့် မြေမျိုးတွင် ဖြစ်ထွန်းနိုင်သည့် သီးနှံဖြစ်ကာ စိုက်ပျိုးရာတွင် ရေဝပ်ခြင်းမရှိစေရန်နှင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန် လိုအပ်သည်။

ထို့အပြင် အထွက်နှုန်းကောင်းမွန်စေရန် ပေါင်းမြက်ရှင်းလင်းခြင်း၊ မြေဩဇာကျွေးခြင်းနှင့် ရောဂါပိုးမွှားများကို စောင့်ကြည့်ထိန်းချုပ်ခြင်းတို့ ဆောင်ရွက်ရန် လိုအပ်သည်။

ကန်စွန်းဥဈေးနှုန်းမှာ အရွယ်အစား၊ အမျိုးအစားနှင့် အရည်အသွေးအပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပြီး ဝယ်ယူရာတွင် ပုပ်ခြင်း၊ ခွိုတက်ခြင်း မရှိဘဲ တင်းရင်းလတ်ဆတ်သည့် ဥများကို ရွေးချယ်သင့်သည်။

ကန်စွန်းဥကို ပြုတ်ခြင်း၊ ဖုတ်ခြင်း၊ ကြော်ခြင်းတို့အပြင် အခြားအစားအစာများအဖြစ်လည်း ပြုပြင်စားသုံးနိုင်သည့်အတွက် စားသုံးသူများကြား အသုံးပြုမှု ရှိသကဲ့သို့ တောင်သူများအတွက်လည်း ဝင်ငွေရရှိစေနိုင်သည့် သီးနှံတစ်မျိုးဖြစ်သည်။

(အပေါ်ယာဝုံ)

ရွှေမန်း



o-o-o-o-o-o

သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်များပြားလာမှုကြောင့် ဆောင်းပရဲ၊ သခွားစိုက်ပျိုးမှု အနှည်းငယ်လျော့ကျလာ

မန္တလေး အောက်တိုဘာ ၃၁

ဆောင်းဖရဲနှင့် သခွားသီးနှံများကို စိုက်ပျိုးရာတွင် သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်များပြားလာမှုကြောင့် ယခင်နှစ်များကဲ့သို့ အများအားပြားစိုက်ပျိုးနိုင်ခြင်းမရှိတော့ဘဲ ပြည်တွင်းဈေးကွက်သာ အဓိကထား စိုက်ပျိုးလာကြသည်။

လက်ရှိတွင် လုပ်သားရှားပါးမှုနှင့် သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်များပြားလာမှုကြောင့် တောင်သူများအနေဖြင့် ယခင်နှစ်များထက် စိုက်ပျိုးမှုပမာဏ လျော့ချလာနိုင်ပြီး ပြည်တွင်းဈေးကွက်လိုအပ်ချက်နှင့်အညီသာ ဆက်လက်စိုက်ပျိုးနေကြကြောင်း ခွာညို ပွဲရုံ ပိုင်ရှင် ဦးစိုင်းခင်မောင်က ပြော သည်။

"နယ်စပ်ဘက်ကို တင်ပို့တဲ့ ပို့ကုန်လမ်းကြောင်းက သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ် ယခင်နှစ်တွေထက် များပြားလာတာတွေ ရှိပါတယ်။ ဒါ့အပြင် လုပ်သားရှားပါးမှုလည်းရှိလာတာကြောင့် အနှည်းငယ် လျော့နည်းစိုက်ပျိုးလာတာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ယခင်က ဖရဲနှင့် သခွားသီးနှံများကို နယ်စပ်ပို့ကုန်ဈေးကွက်အတွက် အဓိကရည်ရွယ် စိုက်ပျိုးခဲ့ကြသည်။

လာမည့် ဒီဇင်ဘာနှင့် ဇန်နဝါရီလများတွင် ထွက်ရှိမည့် ဖရဲနှင့် သခွားသီးနှံများကိုလည်း ယခင်နှစ်များကဲ့သို့ အစုအပြုံလိုက် စိုက်ပျိုးထုတ်လုပ်ပြီး နယ်စပ်ဈေးကွက်သို့ အများအပြား တင်ပို့နိုင်ရန် ဆောင်ရွက်ခဲ့သော်လည်း ယခုနှစ်တွင် တောင်သူများအနေဖြင့် သယ်ယူပို့ဆောင်စရိတ်များပြားလာမှုအပေါ် စိုက်ပျိုးထုတ်လုပ်မှုကို အနှည်းငယ်လျော့ချကာ စိုက်ပျိုးမှုကို အကန့်အသတ်ဖြင့်သာ ဆက်လက်လုပ်ကိုင်လာနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

ရွှေမန်း



ရေနွေတ်မြောင်းအတွင်း
စည်းကမ်းမဲ့ အမှိုက်မစွန့်ပစ်ခြင်းဖြင့် သင်၏ ဂုဏ်ကို မြှင့်တင်ပါ။

မင်္ဂလာမန္တလေးတွင် Mandalay Fashion Week 2026 နှစ်ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

မန္တလေး အောက်တိုဘာ ၃၁

ဖက်ရှင်စတိုင်လ်နှင့် အဆင့်မြင့်လူနေမှုဘဝတို့ကို တစ်စုတစ်စည်းတည်း ခံစားနိုင်မည့် မန္တလေးမြို့၏ ဖက်ရှင်အခင်းအကျင်းအသစ်တစ်ခုအဖြစ် Mandalay Fashion Week 2026 အား နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက် နှစ်ရက်တိုင် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်း၊ မင်္ဂလာမန္တလေးရှိ မင်္ဂလာမန္တလေးဟိုတယ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်



အဆိုပါပွဲကြီးတွင် ဖက်ရှင်နှင့် အနုပညာချစ်မြတ်နိုးသူများအတွက် အမှတ်တရအခိုက်အတန့်များ ဖန်တီးပေးမည့် နာမည်ကျော် ဒီဇိုင်နာများဖြစ်ကြသော မျိုးမင်းဖိုး၊ မြစန္ဒာမောင် Burmese မဟေသီ ဒီဇိုင်နာဖွေးနှင့် သက်ပိုင်ပိုင်တို့၏ Fashion Show များ နာမည်ကျော်အနုပညာရှင်များဖြစ်ကြသော Project K. Msy&Pandor Girl Band တို့၏ ဖျော်ဖြေမှုများ အနုပညာရှင်များ၊ မော်ဒယ်လ်များ၊ Influencers များ၊ Fashion & Life Style နယ်ပယ်များမှ ထင်ရှားသူများ ပါဝင်ဆင်နွဲကြမည်ဖြစ်ကြောင်း သိရသည်။ **(၀၇၀)**

မောင်....အနိုင်ထိုးပေးပါ

အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလက်တွေ့ ၇-၁၁-၁၉၅၀ ခုနှစ် (ဗုဒ္ဓဟူးနေ့) ည ၈ နာရီ ဘီအေ အေ-အောင်ဆန်းအားကစားဝင်း လက်တွေ့ရုံ ရန်ကုန်မြို့တွင် ကျင်းပသည့် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလက်တွေ့ပွဲကို မြန်မာနိုင်ငံ လက်တွေ့ချုပ်(အပျော်တန်း) (B.A.B.F) ဥက္ကဋ္ဌ ဦးအောင်ချိန် (ရဲမင်းကြီး) ကာနယ်ခင်ညို၊ မေဂျာလှမောင်၊ ဒုရဲမင်းကြီးဦးဗအေးတို့က ဖိတ်ကြားခဲ့ခြင်းဖြစ်၏။ ထို ၁၉၅၁ ခုနှစ်သည် မြန်မာနိုင်ငံလွတ်လပ်ရေးရကာစ လေးနှစ်သာရှိပေသေးသည်။

ရန်ကုန်မြို့ အောင်ဆန်းအားကစားဝင်းအတွင်းရှိ လက်တွေ့ရုံကြီး၏ အလယ်တွင် ပေ ၂၀ ပတ်လည်ရှိ လက်တွေ့စင် RING တည်ရှိ၏။ မီးမောင်းကြီးများ တတ်ဆင်ထား၏။ ပွဲကြည့်ပရိသတ် တစ်သောင်းကျော်က လေးဘက်လေးလံကနေပြီး ကြည့်ရသည်။ ငါးကျပ်တန်၊ သုံးကျပ်တန်၊ တစ်ကျပ်တန်ဟူ၍ သုံးဆင့်ခွဲ၍ ထား၏။ လက်တွေ့ထိုးသတ်ကြရမည့် လက်တွေ့ကျော်တို့၏ အဝတ်အစားလဲခန်းသည် လက်တွေ့ကြိုးဝိုင်းနှင့် ကပ်လျက်ရှိသည်။ ထိုကာလက ကြိုးဝိုင်းစင်အနီး၌ အိန္ဒိယနိုင်ငံအလံနှင့် မြန်မာနိုင်ငံအလံယှဉ်၍ လွှင့်ထူထားပါသည်။

၇-၁၀-၁၉၅၁ ပထမဆုပွဲစဉ်တွင် ခုနစ်ပွဲယှဉ်ပြိုင်ရာ ခြောက်ပွဲရုံး၍ ရွေးပွဲလာပရိသတ်များက ဝမ်းနည်းလှိုက်လှိုက် ဖြစ်နေကြသည်။ ပရိသတ် တစ်သောင်းကျော်က…

"ဗမာ…ဗမာ…ဗမာကွ" ဟု အားရပါးရကြီး အားပေးလင့်ကစား မြန်မာတွေ ရှုံးပြီးရင်းရှုံးနေသည့် ပွဲစဉ်များမှာ…

ပွဲစဉ်(၁) W.ကင်း (အိန္ဒိယ)က အဲလစ်(မြန်မာ)ကို KNOCK-OUT ချလိုက်သည်။

ပွဲစဉ်(၂) S. မဇွန်း၁ါး(အိန္ဒိယ)က မျိုးသန့်(မြန်မာ)အား KNOCK- OUT ချလိုက်သည်။
(သူတို့ နှစ်ဦးစလုံးသည် ကမ္ဘာ့အိုလံပစ်ပြန်တွေ ဖြစ်၏။ (၁၉၄၈ လန်ဒန်အိုလံပစ်)

ပွဲစဉ်(၃) F.မားကျိုက် (စ)(အိန္ဒိယ)က K.ဆင်ဖြူရယ်(မြန်မာ)ကို အနိုင်ရသွားသည်။

ပွဲစဉ်(၄) D. မီဒီဆင်(အိန္ဒိယ)က မဂျစ်(မြန်မာ)အား အနိုင်ယူသွားပြန်၏၊

ပွဲစဉ်(၅) K.ခရင်တန်(အိန္ဒိယ)က V.ပဂိုနက်(မြန်မာ)ကို အနိုင်ယူ၏။

ပွဲစဉ်(၆) အိုဝပ်(၁) အိန္ဒိယ က L. မာတင်(မြန်မာ)ကို အနိုင်ရသည်။

အိန္ဒိယနိုင်ငံက လက်တွေ့ကျော်ခြောက်ပွဲ၊ ထိုခြောက်ပွဲစလုံးတွင် အိန္ဒိယက အနိုင်ရကြသဖြင့် ပရိသတ်အားလုံးနှင့် လူကြီးအားလုံးက မတ်တတ်ရပ်၍ ခြောက်ကြိမ်၊ ခြောက်ခါ အလေးပြုပေးနေရတော့သည်။ (ပရိသတ်အချို့က မတ်တတ်ရပ်မပေးတော့ချေ။)

(မှတ်ချက်) မြန်မာနိုင်ငံလက်ရွေးစင် ခြောက်ယောက်တွင် မျိုးသန့်၊ မော်လမြိုင်သား၊ မဂျစ်နှင့် ရွှေမန်းသား ကျားဘဉိမ်းမှအပ အဲလစ်၊ ဆင်ဖြူရယ်၊ ပဂိုးနက်၊ L.မာတင် တို့သည် ဗိုလ်ကပြားတွေပါ။

ရွှေပွဲလာပရိသတ် တစ်သောင်းကျော် ခေါင်းမဖော်နိုင်ဘဲ အားငယ်နေကြစဉ်…

လက်တွေ့ကြိုးဝိုင်းစင်၏ အပြာထောင့် ငါးကျပ်တန်တွင် သူ၏ သားသုံးယောက်နှင့်အတူ လက်တွေ့ပွဲအစမှ ပွဲစဉ်ခြောက် အထိ ရင်ဝယ်သိမ့်သိမ့်ဖြင့် ကြည့်နေသည့် ကျားဘဉိမ်း၏ဇနီး ဒေါ်ကြည်ကြည်သည် ပွဲစဉ်ခြောက်ပြီးခါနီး ဖျတ်ခနဲထ၍ ပရိသတ်တွေကို တိုးခွေပြီး အဝတ်အစားလဲခန်းဆီသို့ ကမန်းကတန်းပြေး သွားကာ ငိုသံပါကြီးဖြင့်…

"မောင့်…ဗမာတွေ…အကုန်ရှုံးကုန်ပြီ၊ မောင်…အနိုင်ထိုးပေးပါ"

"ကြည်…ဘာမှမပူနဲ့…တိုင်းပြည်မျက်နှာမငယ်စေရဘူး မောင်…အနိုင်ထိုးမှာပါ" ဟု

ကျားဘဉိမ်းက (၁၀)အောင်စရှိ လက်တွေ့အိတ်ကို စွပ်နေရင်း သူဇနီးကို အဖြေပေးလိုက်ပြီး အဝတ်အစားလဲခန်းမှ လက်တွေ့ကြိုးဝိုင်းဆီသို့ သူတို့ဇနီးမောင်နှံ ထွက်လာခဲ့ကြသည်။

အပြာထောင့်မှနေ၍ ကြိုးဝိုင်းအပေါ်သို့ မန္တလေးသား ကျားဘဉိမ်းတက်လိုက်သည်နှင့် တစ်ပြိုင်နက် ပရိသတ်အားလုံး၏

"ကျားဘဉိမ်းကွ…ကျားဘဉိမ်းကွ…ဒို့ဗမာကွဟော…ဒို့ဗမာနိုင်အောင်…ထိုးနိုင်အောင်…ထိုးပေးပါ" ဆိုတဲ့ အားပေးသံတွေက တစ်ရုံလုံး လဲပြိုမတက် ဟိန်းဟည်း၍ သွားတော့သည်။ (သူဇနီး ဒေါ်ကြည်ကြည်နှင့် သူသားသုံးယောက်က ငါးကျပ်တန်မှ မျက်တောင်မခတ်ကြည့်လျက်)

ရွှေပွဲလာပရိသတ်အားလုံးက ကျားဘဉိမ်း(မြန်မာ)အား အနိုင်ရဖို့ မျှော်လင့်နေကြပေသည်။ ကျားဘဉိမ်းသည် ဟင်ဆင်ကို ကမ္ဘာ့အိုလံပစ်ပြန်ဖြစ်ပြီး ယနေ့ သူနှင့်ထိုးသတ်ရမည့် နာမည်ကြီး B. BOSE (ဘီဘို(စ်))သည်လည်း လန်ဒန်ကမ္ဘာ့အိုလံပစ်ပြန်ပင် ဖြစ်သည်။

အိန္ဒိယလက်တွေ့လက်ရွေးစင်အားလုံးအနက် ပွဲရေဝအကောင်းဆုံး၊ ဝါအရင့်ဆုံး လက်သီးကျော်ဖြစ်ပေသည်။ ကျားဘဉိမ်းက လည်း နှစ်ပေါင်း(၂၀)ကျော် လက်တွေ့ထိုးသက်ရှိတဲ့ တကယ့် လက်သီးသူရဲကောင်းတစ်ယောက်ပါ။

နှစ်ယောက်သား ကြိုးဝိုင်းအလယ်သို့ ကြိုးဝိုင်းဒိုင်လူကြီးဖြစ်သူ ဦးခင်ညို(ကနယ်ခင်ညို)က လက်ဆွဲနှုတ်ဆက်စေရာဝယ်

"မင်းလာကွ…ကျား TIGER ဆိုတာလားဟု B.BOSE က ခနဲလိုက်စဉ် ကျားဘဉိမ်းက "အေး…ငါဘဲကွ TIGER "ဟုဆို၏။

ပထမအချီ လွတ်လိုက်လျှင် လွတ်လိုက်ချင်း ကျားဘဉိမ်းသည် လေနှင့်အတူ အဟုန်ပြင်းစွာဖြင့် တိုက်စစ်ဆင်သတ်တော့သည်။ အလွန်လျင်မြန်လွန်းလှသဖြင့် ဘီဘို(စ်)၏ မေးဖျားကို လက်သီး လေးလုံးထိချေသည်။ သူပြာယာခတ်လှည့်ပတ်ပြေးရသည်။ ပရိသတ် အားလုံးက "ဗမာကွ…ဗမာကွ…ဒို့ဗမာကွ" ဟု သံပြိုင်အော်ဟစ် မတ်တပ်ရပ်ပြီး တစ်ခဲနက်အားပေးလိုက်ရာ မိုးလုံးဆုံစီရုံကြီးပွင့်လုမတက်…။

ထိုးချိန် သုံးမိနစ်စေ့ပြီး တစ်မိနစ်နားနေစဉ် ဝေဖန်မှုများ မြန်မာကျားဘဉိမ်းက အမှတ်ဖြင့်နိုင်၏။ (၂၀-၁၈)နားချိန် တစ်မိနစ်စေ့အပြီး ဒုတိယအချီ လွတ်လိုက်သည်၌ ကျားဘဉိမ်းက ရဲရဲဝံ့ဝံ့ အံကို တင်းနေအောင်ကြိတ်ထားရင်း မုန်တိုင်းထန်မာန်ဟုန်ပြင်းပြင်း ဝင်မွေ့လေတော့ရာ ဘီဘို(စ်) ခံစစ်အနေအထားနှင့် ထိုးပြေး ပြေးနေရပြန်သည်။ ပရိသတ်ကြီးက

"ဗမာကွ…ဗမာကွ ဒို့ဗမာကွဟု အနိုင်ထိုး…အနိုင်ထိုး" သောင်းသောင်းညံညံ ပွက်လောရိုက်နေသည်။ ကျားသည် ကျားမာန်သွင်း၍ အတင်း တရကြမ်းဝင်မွေ့၏။ ဘယ်ဝိုက်၊ ညာဝိုက်၊ ဘယ်ပင့်၊ ညာပင့် လက်သီးစုံတွေက ဘီဘို(စ်)၏ မေးဖျားကို ထိနေသည်။ ထိုအချို့ သုံးမိနစ်စေ့၍ ခေါင်းလောင်းသံထွက်ပေါ်လာသည်။ သည်အချိုတွင်လည်း ကျားဘဉိမ်းက အမှတ်ဖြင့် နိုင်ပြန်ပြီ။ (၂၀-၁၇) မှတ်ပါ။

ပရိသတ်က ရိပ်စားမိ၍ ပျော်နေကြပြီ။ ဒေါ်ကြည်ကြည် သည်လည်း ပြုံးတဝင့်ဝင့်။ ဘီဘို(စ်)၏ ဘယ်ဘက်မျက်ခုံးက ဖုရောင်နေပြီမို့ ကျားဘဉိမ်းအား ကူညီပြုစုသူ(SECONDS) ဆရာဦးချစ်အုန်းက…

"ဘယ်ဘက်မျက်ခုံးကိုဖိထိုး…ကွဲအောင်ထိုး" ဟု ပြော၏။

တတိယအချီလွတ်တော့ ကျားကြီးက လျင်မြန်စွာတိုက်စစ်ကို ဆင်ကာ ညာကျော်လက်သီး OVER ARM TIGHT ကို ထိုးသွင်းလိုက်သည်တွင် ဘီဘို(စ်)မျက်ခုံးရိုးထိပြီး သွေးခဲနိုနီတွေ ပန်းထွက် ကျလာသည်။ ပရိသတ်က…

"ကွဲပြီ…ကွဲပြီ" ဟု အော်ကြသည်။

ဘီဘို(စ်) နောက်ဆုတ်ပြေးရတော့သည်။ ကြိုးဝိုင်းအတွင်း လှည့်ပတ်ပြေးနေ၏။ သူသိသွားပြီ။ နိုင်ဖွဲနေနေသာသာ KNOCK OUT မကျရေးပုနေရလေပြီ။ တတိယအချီ ပြီးပါလေပြီ (၂၀-၁၇) သည်တစ်ပွဲမှာတော့ တိုမြန်မာနိုင်ငံပြိုမို့ နိုင်ငံတော်အလံအား အားလုံးမတ်တတ်ရပ်၍ နိုင်ငံတော်သီချင်းကို သီဆိုကြကာ အလေးပြုကြသည်။

ကျားဘဉိမ်းခဗျာ အလေးပြုရင်း မျက်ရည် စက်လက်ကျနေလေသည်။

ဟောဗျာ…သူဇနီးမကြည်ကြည်သည်လည်း မျက်ရည်သုတ်ရင်း…သုတ်ရင်း အလေးပြုနေပါတော့သည်။

မျိုးချစ်စိတ်ဆိုတာ အရေးကြုံလာပါမှ အသည်းတွင်းမှ ထွက်အန်ကျလာတတ်၏။ နိုင်ငံချင်းချင်း ယှဉ်ပြိုင်ရာတွင် ကိုယ်မြန်မာတွေရှုံးနေတော့ ဒေါ်ကြည်ကြည်၏ရင်တွင်းတွင် ခံပြင်းစိတ် ဖြစ်ပေါ်လာချေသည်။ အမျိုးသားရေးစိတ်ဓာတ်တွေ အလိုလို ဆူပွက်လာသည်။

"မောင့်ဗမာတွေ…အကုန်ရှုံးကုန်ပြီ…မောင်…အနိုင်ထိုးပေးပါ" ဟု ဒေါ်ကြည်ကြည်က သူခင်ပွန်းအား တိုက်တွန်းတော့သည်။

"ကြည်…ဘာမှမပူနဲ့ တိုင်းပြည်မျက်နှာမငယ်စေရဘူး မောင်…အနိုင်ထိုးမှာပါ" ဟု ကျားဘဉိမ်းက ပြောသည်။ ကျားဘဉိမ်း၏ ပြောစကားတွင် တိုင်းပြည်မျက်နှာမငယ်စေရဘူး ဆိုသည့် အချက်သည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ကို ဖော်ညွှန်းနေခြင်းဖြစ်လေသည်။ အတိအကျရေးရလျှင် ဤဆရာ ကျားဘဉိမ်းနှင့် ဒေါ်ကြည်ကြည်တို့ဇနီးမောင်နှံ၏ အသည်းထဲတွင် အမျိုးသားရေးစိတ်ဓာတ် ကိန်းအောင်းနေကြောင်း ကျွန်တော် သုံးသပ်မိ၏။ သည်လိုဇနီးမောင်နှံမှာ ရှားမှရှားလှသည်။ ထိုဇနီးမောင်နှံသည် ဤလောကမြေမဟီမှာ မရှိရှာတော့ချေ။

ဆရာဦးကျားဘဉိမ်းသည် ၁၉၇၉ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့ အသက်(၅၆)နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့ပြီး ယခု ဆိုလျှင် (၄၇)နှစ်ပြည့်ခဲ့ပြီ ဖြစ်သည်။

ဒေါ်ကြည်ကြည်သည်လည်း ကွယ်လွန်ခဲ့ပြီး ကျွန်တော်နှင့် အမျိုးတော်ခဲ့သလို ဆရာလည်းတော်ပါသည်။ ဤဆောင်းပါးကို ကျွန်တော် ငို၍ ရေးပါသည်။

မှတ်ချက်-(မိခင်နှင့်အတူ အဖေရဲ့ပွဲစဉ်ကို ကြည့်ခဲ့သူ သုံးဦးကတော့ ဝင်းငြိမ်း(စာရေးဆရာ) (ရွှေအမြူတေမဂ္ဂဇင်း အယ်ဒီတာချုပ်) (အမျိုးသားစာပေဆုရ) လက်တွေ့ချန်ပီယံမျိုးမြင့်ညိမ်း၊ ရဲမြင့်ညိမ်းတို့ ဖြစ်ပါသည်။)

ရွှေဘိုဘာမထီခင်အောင်

မန္တလေး-ချောင်းဝန်းလမ်းမကြီး၊ ကတ္တရာရေပိတ်လွှာထပ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်



ပုသိမ်ကြီး အောက်တိုဘာ ၃၁

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပုသိမ်ကြီးမြို့နယ်၊ မန္တလေး-ချောင်းဝန်းလမ်းမကြီး၊ ၂၅ မိုင်မိတာ၊ ၅၀ မိုင်မိတာ ကျော်က ၇၅ မိုင်မိတာ ထုထည် ခင်းကြိတ်၍ ကတ္တရာရေပိတ်လွှာထပ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးနှင့်အဖွဲ့ဝင်များ၊ ခရိုင်လမ်းဦးစီးဌာန ဦးလှိုင်မင်းသိန်း လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ လမ်းပိုင်း ဆောင်ရွက်ရာတွင် တာဝန်ယူဆောင်ရွက်သည့် New Passion ကုမ္ပဏီ လိမိတက်မှ ၀ ကီလိုမီတာ မှ ၀ ဒသမ ၅ ကီလိုမီတာအထိ ၀ ဒသမ ၅ ကီလိုမီတာအရှည်၊ ၁၂ ဒသမ ၁၉ မီတာအကျယ် အား ၂၅ မိုင်မိတာ၊ ၅၀ မိုင်မိတာ ကျောက် ၇၅ မိုလီမီတာထုထည် ခင်းကြိတ်၍ ကတ္တရာရေပိတ်လွှာထပ်လောင်းခြင်း လုပ်ငန်းများကို ၂၁၂ ဒသမ ၁၀၀ သန်း ဖြင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမောင်မောင်နိုင်က တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝံပုံ)

ရွှေရုန်ကင်း

ပြည်ကြီးတံခွန်မြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကော်မတီ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ၊ Bill Board စိုက်ထူ



မန္တလေး အောက်တိုဘာ ၃၁

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်း အောင်တံခွန်ခန်းမ၌ အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကော်မတီက ကြီးမှူး၍ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ၊ Bill Board စိုက်ထူပွဲ ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကော်မတီ အတွင်းရေးမှူး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဖြိုးက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေလင်း၊ စောင့်ကြည့်အကဲဖြတ်စီစစ်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ငြိမ်းမိုးရွှေ၊ ဥပဒေရေးရာလုပ်ငန်းကော်မတီ အတွင်းရေးမှူးကိုယ်စား ရုံးအဖွဲ့မှူး ဦးကျော်သီဟ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းနှင့် ပတ်သက်၍ ပြည်ကြီးတံခွန်မြို့နယ် ပညာရေးမှူး ဒေါ်အေးသန္တာနိုင်တို့က ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောခဲ့ကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် သက်ဆိုင်ရာ တာဝန်ရှိ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်လုပ်ငန်းရှင်များက အသိပညာပေး နံရံကပ်စာစောင်များအား ကြည့်ရှုခဲ့သည်။

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ်၊ ၆၂လမ်း၊ တွတ်ပိကွေ့၊ ပန်းခြံရှေ့တွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး Bill Board စိုက်ထူခြင်းကို မန္တလေးတိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၊ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက အမွေးနုံသာရည်များဖြင့် ပက်ဖျန်းခဲ့ပြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို လမ်းသွားလမ်းလာ ပြည်သူများထံ လက်ဝယ်အရောက် ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
စင်မင်းမောင်
(ခရိုင်၊ ပြန်/ဆက်)

အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေ

မြစ်သား အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အယ်လ်နီညီဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် ရာသီဥတုအပူဒဏ်အန္တရာယ်အား ကျေးရွာနေပြည်သူများ ကြိုတင်ကာကွယ်နိုင်ရေး အတွက် အသိပညာပေးဟောပြောခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက အိမ်ရှေ့တောင်ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက အယ်လ်နီညီဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် အပူဒဏ်အန္တရာယ်ဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းများနှင့် အပူဒဏ်ကြောင့် ရေအရင်းအမြစ်များ လျော့နည်းလာနိုင်သည့် အတွက် သောက်သုံးရေ ချွေတာသုံးစွဲရေးနှင့် ကြိုတင်စုဆောင်းထားရှိရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများကို အယ်လ်နီညီ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရမည့်အချက်များ ပါဝင်သော ပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၄၄၅)



အယ်လ်နီညီရာသီဥတု ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

မင်းလှ အောက်တိုဘာ ၃၁

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်အတွင်းရှိ ပြည်သူများ အယ်လ်နီညီရာသီဥတုဖြစ်စဉ်နှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အယ်လ်နီညီရာသီဥတု ကြိုတင် ကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို ယနေ့ နံနက်ပိုင်းက မင်းလှ-သရက်လမ်းပေါ်ရှိ တြိဂံလမ်းဆုံအနီးတွင် ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ မင်းလှ-သရက်လမ်းပေါ် တြိဂံလမ်းဆုံရှိ လမ်းသွား၊ လမ်းလာများ၊ ခရီးသွားပြည်သူများအား အယ်လ်နီညီဖြစ်စဉ်ကြောင့် ရာသီဥတု ပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်ပြီး အပူလွန်ကဲခြင်း၊ ရေရှားပါးခြင်းများ၊ ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာနိုင်သည့်အတွက် ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များအား အသိပညာပေး ဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက မင်းလှ-သရက်လမ်းပေါ်ရှိ တြိဂံလမ်းဆုံအနီးတွင် အယ်လ်နီညီရာသီဥတု ကြိုတင်ကာကွယ်ရေး အသိပညာပေး ဗီနိုင်းဆိုင်းဘုတ်အား စိုက်ထူပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) ဆက်လူ



ဗတ်စရာ၊ မှတ်စရာ ခုံလင်း ယနေ့

ပုထုဇဉ်ဆိတ်

* အထင်အမြင် သွေဖည်ပတ်
တံလျှပ်ကို ရေသွင်ထင်၊
ရွှေသမင် အလိုက်မှား
ဝင့်ကြွားလို့ပင် ။
ပျော်လိုက်ကြ မြေနေစဉ်
ဘဝတွင် လွန်ချမ်းမြေ့၊
ဖြစ်တည်ရာ ဘုံတစ်ကွေ့
တရားသူမေ့ ။

* သံသရာ ဘဝထဲ
ဒုက္ခဝဲ အဖန်ဖန်၊
လွတ်ဖို့ရန် မကြိုးစား
မေ့များနေပြန် ။
နေ့ရှိသမျှ ပျော်ဖို့ရန်
လောကခံ မှုမထား၊
ပျော်ရွှင်ရာ နေရာမလပ်
လှည့်ပတ်လှုပ်ရှား ။

* လောကခံ ရိုက်နက်ချက်
ပြုံးမယျက် မမှုပါ ။
ဖြစ်တည်ရာ ဘဝအား
ဖက်ထားတွယ်ကာ ။
ရေဖြစ်မည့် အကြောင်းအရာ
မသိရာ စုံလုံးပတ်၊
ပညာဥာဏ် ရောင်မဖိတ်
ပုထုဇဉ် စိတ် ။ ။

ပန်းသစ္စာ(ပုသိမ်ကြီး)

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး ခန္ဓာဝန်ချသည့် (၆၄)နှစ်ပြည့်အား ရည်စူးအလှူတော်မင်္ဂလာ ကျင်းပ



မြစ်ကြီးနား အောက်တိုဘာ ၃၁

ကျင်ပြည်နယ် မြစ်ကြီးနား မြို့၊ ခေမာသီရိရပ်ကွက်၊ မိုးကုတ် ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအမှတ်(၃၇၄) ဓမ္မရိပ်သာကျောင်းတိုက်မှ ဦးဆောင်၍ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလ ခန္ဓာဝန်ချသည့် (၆၄)နှစ်ပြည့်အား ရည်စူး၍ ရဟန်းဒါယိကာမများဖြစ်သည့် ဆရာလေးဒေါ်ဓမ္မဆေရီနှင့် ဆရာလေးများမှ အမှတ်(၃၇၄)မိုးကုတ် ဓမ္မရိပ်သာကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ သြဘာသ (ဓမ္မာစရိယ)အမှူးပြုသည့် ဆရာတော်၊ သံဃာတော်ငါးပါးအား သိက္ခာကံထပ်ကံဆင့်ကံဖြင့်မင်္ဂလာကို အောက်တိုဘာ ၃၀ရက် နံနက် ၉နာရီက အဆိုပါကျောင်းတိုက်အတွင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းတိုက်အတွင်းရှိ မြတ်သစ္စာဓမ္မာရုံတော်တွင် အလှူရှင်များက ဆရာတော်ဘဒ္ဒန္တ သြဘာသ အမှူးပြုသည့် ဆရာတော်သံဃာတော် ငါးပါးအား သင်္ကန်းပရိက္ခရာ ရှစ်ပါး ဆက်ကပ်လှူဒါန်းကြပြီး နိဒ်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် ၉၈ ဓမ္မာစရိယ ကချင်ပြည်နယ် သံဃနာယက အကျိုးတော်ဆောင် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကေတ မာလာထဝံမှ ရှစ်ပါးသီလတော်မတ်ကို ခံယူဆောက်တည်ကာ ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တ ကေတုမာလာမှ အနုမောဒနာတရားတော်အား ချီးမြှင့်တော်မူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေပြီး ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလ ခန္ဓာဝန်ချသည့် (၆၄)နှစ်ပြည့် ရည်စူး၍ သိက္ခာကံထပ်ကံဆင့်ကံဖြင့် အလှူတော်သို့ မြစ်ကြီးနားမြို့ပေါ်ရှိ ကျောင်းအသီးသီးမှ ဆရာတော်၊ သံဃာတော်အပေါင်း ၁၀၀နှင့် သီလရှင်အပေါင်း ၆၀ ကြွရောက်တော်မူကာ အလှူရှင်အင်အား ၇၀၀ ဦးကျော် တက်ရောက်ကြကြောင်း သိရသည်။

(အပေါ်ဝံပုံ)
သူရိန်(ကချင်)



မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ စီဝီတဒါနသံဃာဆေးရုံကြီးတွင် မန္တလေးမြို့နေ ရာသက်ပန်ဆွမ်းအလှူရှင် ကွယ်လွန်သူ အဖိုး-ဦးဝင်းမောင်(ပါချုပ်-ငြိမ်း/ ရတနာပုံတက္ကသိုလ်)၊ အဖွား-ဒေါ်မြစန်း၊ ဒေါ်နန်းရွှေမူလွန်-ငြိမ်း)၊ ပါးပါး-ဒေါက်တာထင်အောင်-(BVSC-DPS)တို့အား ရည်စူး၍ သမီး-မထင်ရတီဦးရာသက်ပန်သိန်း ငွေကျပ် ၁၀၀ ယမန်နေ့ စိုက်ထူလှူဒါန်း၍ အတိုးအလှူမှ တစ်နေ့တာဆွမ်း ငွေကျပ် ရှစ်သိန်းကို လှူဒါန်းခဲ့သည်။ လှူဒါန်းမှုအား စီတီတဒါနသံဃာဆေးရုံကြီး ဆေးရုံအုပ်ဒေါက်တာ ဦးတင်ဝင်း၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏအဖွဲ့ဝင်များဖြစ်သော ဦးဝင်းမြင့်၊ ဦးယုတင်နှင့် ဦးအောင်ထိုက်ဦးတို့မှ လက်ခံရယူစဉ်။ (ကဆ)

စုပေါင်းသန့်ရှင်းရေးနှင့် စုပေါင်းသွေးလှူဒါန်းပွဲ ဆောင်ရွက်

သရက် အောက်တိုဘာ ၃၁

မကွေးတိုင်းဒေသကြီး၊ သရက်မြို့တွင် (၃၈)နှစ်မြောက် အထွေထွေအုပ် ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြို ဆိုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးနှင့် စုပေါင်းသွေးလှူဒါန်းပွဲ ဆောင်ရွက်ခဲ့ကြသည်။

နံနက် ၇ နာရီတွင် ခရိုင်၊ မြို့နယ်ဝန်ထမ်းများက အမှတ်(၁)ရပ်ကွက်ရှိ ရွှေဘုံကွက်လွတ် ဘုရားပရိဝုဏ်အတွင်းနှင့် သရက်မြို့နယ်လုံးဆိုင်ရာ သာသနာ့ဓမ္မာန်တော်ရှေ့မျက်နှာစာရှိ ချုံနွယ်များ ရှင်းလင်းခြင်း၊ ပေါင်းမြက်များကို စုပေါင်းဆောင်ရွက်ခဲ့ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကို၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအေးတို့က ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး အားဖြည့်အစားအစာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)
မောင်လှလင်(သရက်)



တံတားဦးမြို့နယ်တွင် ဒဿမအကြိမ်မြောက် သက်တော်ရှည် သိက္ခာဝါတော်ကြီးမားတော်မူကြသည့် ဆရာတော်ကြီးများ ပူဇော်ပွဲ ကျင်းပမည်

တံတားဦး အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်အတွင်းရှိ သက်တော်(၇၅)နှစ်၊ သိက္ခာတော် (၅၅) ဝါရှိ ဒဿမအကြိမ်မြောက် သက်တော်ရှည် သိက္ခာဝါတော်ကြီးမားတော်မူကြသည့် ဆရာတော်ကြီးများ ပူဇော်ပွဲကို နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၃ နာရီတွင် တံတားဦးမြို့ ပန်းယျကျေးရွာစိန်ဖူးဘုန်းတော်ကြီးကျောင်း သဒ္ဓါဓိကခမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

တံတားဦးမြို့နယ်အနေဖြင့် ပထမအကြိမ်တွင် ပူဇော်ခဲ့သိက္ခာဝါတော်ကြီးမားတော်မူကြသည့် ဆရာတော်ကြီး ၂၅ ပါး၊ ဒုတိယအကြိမ်တွင် အပူဇော်ခဲ့ဆရာတော်ကြီး ၂၆ ပါး၊ တတိယအကြိမ်တွင် အပူဇော်ခဲ့ဆရာတော်ကြီး ၂၆ ပါး၊ စတုတ္ထအကြိမ်တွင် အပူဇော်ခဲ့ဆရာတော်ကြီး ၂၆ ပါး၊ ပဉ္စမအကြိမ်တွင် အပူဇော်ခဲ့ဆရာတော်ကြီး ၂၁ ပါး၊ ဆဋ္ဌမအကြိမ်တွင် အပူဇော်ခဲ့ဆရာတော်ကြီး ၂၇ ပါး၊ သတ္တမအကြိမ်တွင် အပူဇော်ခဲ့ ဆရာတော်ကြီး အပါး ၃၀၊ အဋ္ဌမအကြိမ်တွင် အပူဇော်ခဲ့ ဆရာတော်ကြီး ၂၆ ပါး၊ နဝမအကြိမ်တွင် အပူဇော်ခဲ့ ဆရာတော်ကြီး ၂၆ ပါး၊ ယခုနှစ် ဒဿမအကြိမ်တွင် အပူဇော်ခဲ့ဆရာတော်ကြီး ၂၈ ပါးတို့ကို ပူဇော်ကန့်တော့မည် ဖြစ်ကြောင်း၊ သက်တော်ရှည် သိက္ခာဝါတော်ကြီးမား တော်မူကြသည့် ဆရာတော်ကြီးများ ပူဇော်ပွဲသို့ ကြွရောက်တော်မူလာကြမည့် ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်များအား ဌာနဆိုင်ရာများ၊ အလှူရှင် ဒါယကာ၊ ဒါယိကာမများ မည်သူမဆို ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

o-o-o-o-o-o-o-o



မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်ရှိ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်ထားသော စီဝီတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အောက်တိုဘာ ၂၈ ရက်က မန္တလေး မလွန်ဈေးဆန်လှူအသင်းကြီးမှ ဆေးပစ္စေသာပင်အလှူငွေကျပ် ၁၀သိန်းနှင့် ဆန် ငါးတင်းလာရောက်လှူဒါန်းရာ ဆေးရုံဥပဘဏ္ဍာကအဖွဲ့ဥက္ကဋ္ဌဦးကျော်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်စဉ်။ (ကဆ)

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေများ ပေးအပ်

မန္တလေး အောက်တိုဘာ ၃၁

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ် ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများ ထောက်ပံ့လှူက်ရှိသည်။ ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့လှူက်ရှိရာ အောက်တိုဘာ ၃၀ ရက်က တော်ဝင်ဆေးရုံတွင် ဆေးကုသမှုခံယူနေသော သတ္တဗေဒဌာနမှ ကန်တော့ခံ ဆရာမကြီး ဒေါ်စောကြိုင်ထံသို့ လည်းကောင်း၊ မျက်စိဆေးရုံတွင် မျက်စိခွဲစိတ်ကုသမှုခံယူခဲ့သော ဆရာမကြီး ဒေါ်သစ်သစ်အေး (ဓာတုဗေဒ)ထံသို့ လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ငွေကျပ် ငါးသိန်းကို ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယကဆရာကြီး ဦးတင်မောင်၊ ဥက္ကဋ္ဌ ဒေါက်တာသီတာဝင်း၊ ဒုတိယ ဥက္ကဋ္ဌဦးပိုမြင့်၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက ဆေးရုံသို့ သွားရောက်၍ ကျန်းမာရေးမေးမြန်းအားပေးစကားများ ပြောကြားခဲ့သည်။

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့် ၂၀၁၉ခုနှစ် မေ ၂၃ ရက်မှ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၀ ရက်အထိ ကျန်းမာရေးမကောင်း၍ ဆေးရုံတက်ဆေးကုသမှုခံယူသော ကန်တော့ခံ ဆရာ၊ ဆရာမကြီး ၄၃၀ ဦးအား ငွေကျပ်သိန်း ၁၀၂၅ ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။ (ဝံပုံ)(၀၄၅)



သမဝါယမအသင်းခု၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ



ပုသိမ်ကြီး အောက်တိုဘာ ၃၁

မန္တလေး၊ ပုသိမ်ကြီးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်သမဝါယမအသင်းစုရုံး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီး ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မျိုးဦး၊ တိုင်းဒေသကြီး အသင်းစုချုပ်မှ တာဝန်ရှိသူများ၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်တင်တင်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အသင်းစုဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသည့် အခြေခံအသင်းဝင် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးအရာရှိက သမဝါယမလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အစုပေါ် အမြတ်ငွေများ ပေးအပ်ခြင်း၊ Grade-12 ထူးချွန်စွာ အောင်မြင်ခဲ့သည့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝံပုံ)

ရွှေရန်ကင်း

* - * - * - * - * - * - *



အပျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ(ဆီမီးဖိုင်နယ်)ပွဲစဉ်များ ဆက်လက်ကျင်းပ

နမ့်စန် အောက်တိုဘာ ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲကို ကျင်းပလျက်ရှိရာ ယမန်နေ့ ညနေပိုင်းက အကြိုဗိုလ်လုပွဲ (ဆီမီးဖိုင်နယ်)ပွဲစဉ်ကို မြို့နယ်ကျောက်တိုင် အားကစားကွင်း၌ ဆက်လက် ကျင်းပခဲ့သည်။

မွန်းလွဲ ၂ နာရီခွဲတွင် ဆီမီးဖိုင်နယ် ပထမပွဲစဉ်အဖြစ် အမှတ် (၁)ရပ်ကွက် ဘောလုံးအသင်းနှင့် အမှတ်(၅)ရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ အမှတ် (၅)ရပ်ကွက် အသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ယနေ့ပွဲတွင် Man of The Match ရရှိခဲ့သော အမှတ်(၅)ရပ်ကွက် အသင်းမှ ကျောနံပါတ်(၁၁) မောင်ကျော်ဆန်းဝင်းအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းက ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆီမီးဖိုင်နယ်ဒုတိယပွဲစဉ် အဖြစ် အောက်တိုဘာ ၃၀ ရက် ညနေပိုင်းတွင် ခိုလမ်မြို့ဘောလုံး အသင်းနှင့် ပညာရေးဘောလုံး အသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို နိုဝင်ဘာ ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေး



ဟိုပုံး အောက်တိုဘာ ၃၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး အတွက် တာကော(ခိုက်တလော) ကျေးရွာနှင့် ကောင်းသဖြူကျေးရွာများ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း နှင့် တာဝန်ရှိသူများသည် ဟိုပုံးမြို့နယ်အတွင်းရှိ တာကော(ခိုက်တလော)ကျေးရွာနှင့် ကောင်သဖြူကျေးရွာများ၏ လက်ရှိရေသုံးစွဲမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ကျေးရွာနှစ်ရွာရှိ ရေရရှိရေး ကော်မတီဝင်များ၊ ရပ်မိ၊ ရပ်ဖများနှင့်တွေ့ဆုံကာ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးရွာသွန်းမှုများ မှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားခြင်းများ ဖြစ်ပေါ်လာနိုင်သည့် အတွက် သောက်သုံးရေပြတ်လပ်မှု မရှိစေရေး၊ ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေကိုလေလွင့်မှု မရှိအောင် စနစ်တကျ သုံးစွဲကြရန်၊ အယ်လ်နီညိုအပူဒဏ် ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန်အချက်များ၊ ရှောင်ကြဉ်ရန် အချက်များကို ရှင်းလင်းပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေ ပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာများသို့ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ကျေးလက်နေပြည်သူများအား သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာ ရရှိစေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ယာဝံပုံ)

စိန်လွင်(ကျေးလက်)

ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

ပြင်ဦးလွင် အောက်တိုဘာ ၃၁

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ယမန်နေ့ နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးလှခိုင်က ကွင်းဆင်းစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြခဲ့ပြီး အင်ဂျင်နီယာချုပ်မှ အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး မှာကြားခဲ့သည်။

အဆိုပါ လမ်းများ ဆောင်ရွက်ပြီးပါက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ထုတ်ကုန်များ စျေးကွက်သို့ တင်ပို့ရောင်းချရာတွင် များစွာ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

သွေးသွေး(ခရိုင်၊ပြန်/ဆက်)



သီးထပ်စွမ်းအားမြှင့်တင်ရေး ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

ငဖဲ အောက်တိုဘာ ၃၁

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သီးထပ်စွမ်းအား မြှင့်တင်ရေး ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက အိုးမြေတွင်း ကျေးရွာအုပ်စုမှ တောင်သူ ၂၀ ဦးအား စတင်ထုတ်ချေးပေးလျက်ရှိသည်။

ရှေးဦးစွာ ငဖဲမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဒေါ်သီသီမာက တောင်သူများအနေဖြင့် လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် သီးထပ်စွမ်းအားမြှင့်တင်ဆောင်ရွက်ရန်၊ စိုက်ပျိုးစရိတ်အရင်းအနှီးရရှိစေရန်နှင့် ဆောင်းသီးနှံများ အချိန်မှီမိုက်ပျိုးထုတ်လုပ်နိုင်ပြီး တောင်သူများ လူမှုစီးပွားဘဝ အဆင့်မြင့်စေရန် ရည်ရွယ်၍ ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးခြင်း ဖြစ်ကြောင်းနှင့် သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ငဖဲမြို့နယ်တွင် ၂၀၂၆ ခုနှစ် အတွင်း သီးထပ်စွမ်းအားမြှင့်တင်ရေး ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးနိုင်ရေးအတွက် ကျေးရွာအုပ်စု ရုစ်အုပ်စုမှ တောင်သူများအား ထုတ်ချေးပေးရန် လျာထားပြီး စပါးသီးနှံ စိုက်တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်း၊ အခြားသီးနှံစိုက် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းငါးသောင်းနှုန်းဖြင့် အိုးမြေတွင်းကျေးရွာအုပ်စုမှ တောင်သူ ၂၀ ဦး၏ စပါး ၁၇ ဧကနှင့် အခြားသီးနှံ ၅၁ ဧက၊ စုစုပေါင်း စိုက်ဧက ၆၈ ဧကအတွက် ချေးငွေကျပ် ၁၇၈ ဒသမ ၅၀ သိန်းကို စတင်ထုတ်ချေးပေးခဲ့ပြီး ကျန်ရှိသည့် ကျေးရွာအုပ်စုများမှ တောင်သူများအား သီးထပ်စွမ်းအားမြှင့်တင်ရေး ဆောင်းသီးနှံ စိုက်ပျိုးစရိတ်များကို သတ်မှတ်ကာလအတွင်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) မယု(ငဖဲ)



တံတားနှင့်လမ်း၊
ဆေးခန်းနှင့်ကျောင်း၊
ဆည်မြောင်းနှင့်ကန်၊
သစ်ပင်ရံမှ
သဏ္ဌာန် လှပ၊
ပန်ရလိမ့် ။



(၁၃)ကြိမ်မြောက် မြစိမ်းရောင်ရန်ပုံငွေထုတ်ချေး

စလင်း အောက်တိုဘာ ၃၁

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လက်မဲကျေးရွာအုပ်စု၊ ဇယ်တင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ (၁၃)ကြိမ်မြောက်ထုတ်ချေးခြင်းကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ ဓမ္မာရုံ၌ ထုတ်ချေးပေးခဲ့သည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မိမိတို့ ဦးစီးဌာနအနေဖြင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန်၊ ပို၍စနစ်ကျသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေရ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကျေးရွာသား များအနေဖြင့် စီမံကိန်းရန်ပုံငွေများကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက ဇယ်တင်းကျေးရွာတွင် (၁၃)ကြိမ်မြောက် ထုတ်ချေးမည့် ရန်ပုံငွေကျပ် ၄၂ ဒသမ ၉၅ သန်းကို ကျေးရွာမြစိမ်းရောင်လုပ်ငန်း အဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့သည် မြို့နယ်မှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ (၁၃)ကြိမ်မြောက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ကြသော အသင်းသား ၂၁၆ ဦး အတွက် ထွေကျပ် ၄၂ ဒသမ ၉၅ သန်းအား တစ်လလျှင် တစ်ကျပ်ခွဲ အတိုးနှုန်းဖြင့် အသင်းသူ၊ အသင်းသားများအား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

သန်းသန်းစိုး(ကျေးလက်)



နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

ကျောက်ဆည် အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် အရှေ့အေးမြကြည်လင်ရပ်ကွက်၊ အေးမြချမ်းသာကျောင်း ဓမ္မာရုံ၌ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက ကျောက်ဆည်မြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ သဘာပတိဦးကြည်စိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက အမှာစကားပြောကြားခဲ့ကာ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ အမှုဆောင်ဒါရိုက် တာအဖွဲ့ဝင် ဦးကျော်ဇင်မိုးက အသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ပြောကြားသည်။

ထို့နောက် ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးစောထွန်းအောင်က သမဝါယမဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ အကြောင်း၊ မြို့နယ်သမဝါယမအသင်းစု ဒါရိုက်တာအဖွဲ့မှ ဦးတင်မောင်အေးက ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ငွေခွဲဝေစာရင်း၊ ဦးတင်ထွဋ်က အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းဖတ်ကြားခဲ့သည်။

ဆက်လက်၍ (၁/၂၀၂၆) ညွှန်ကြားချက်နှင့်အညီ အမှုဆောင် ဒါရိုက်တာအသစ်များ ရွေးချယ်ခဲ့ပြီး လုပ်ငန်းတာဝန်များ ခွဲဝေခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ထက်ထက်(ကျောက်ဆည်)

လျှပ်စစ်သုံးလျှင်သတိယှဉ်
ဝန်ဆောင်မှု မသုံးရ။

အယ်နီလ်ညိုရာသီဥတုနှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော



နွားထိုးကြီး အောက်တိုဘာ ၃၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက ပဒေါင်းကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း မိုးရွာသွန်းမှုမှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးမှုနှင့် အခြားဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်နိုင်သဖြင့် သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရန် ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေကို စနစ်တကျသုံးစွဲကြရန်နှင့် သဘာဝဘေး အန္တရာယ်များဖြစ်ပေါ်လာပါက ဌာနဆိုင်ရာအဖွဲ့အစည်းများထံသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုစန္ဒီသန့်က အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများထံသို့ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ချစ်ဦးကို(ကျေးလက်)

--*-*-*-*-*

အယ်လ်နီညို ရာသီဥတုဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်ရှိရေသုံးစွဲနေမှုများ မြေပြင်ကွင်းဆင်းစစ်ဆေး



ရမည်းသင်း အောက်တိုဘာ ၃၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှု မရှိစေရေးအတွက် ကန်မြင့်ကျေးရွာသို့ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် တာဝန်ရှိသူများက ရမည်းသင်းမြို့နယ်အတွင်းရှိ ကန်မြင့်ကျေးရွာ၏ လက်ရှိ ရေသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ကျေးရွာရှိ ရေရရှိရေးကော်မတီဝင်များ၊ ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံကာ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးရွာသွန်းမှုများ မှုမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေပြတ်လပ်မှု မရှိစေရေး၊ ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေကိုလေလွင့်မှုမရှိအောင် စနစ်တကျ သုံးစွဲကြရန်၊ အယ်လ်နီညို အပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရန်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များကို ပြောကြားပြီးလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ဝဲပုံ)**

ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာများသို့ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိစေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်နိုင်(ကျေးလက်)

ရေဝေးရေလာကောင်းမွန်စေရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပြင်ဦးလွင် အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် ရှုခံတောအတွင်း စီးဝင်သော ရေဝင်ပေါက်များ၊ ရေထွက်ပေါက်များနှင့် ရေစိမ့်တောနေရာများအား ရေဝေးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထင်ကျော်ဘုန်း၊ မြို့နယ်သစ်တောမှ တာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အတူ နယ်မြေကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ခရိုင်(ပြန်/ဆက်)



ဘိုးဘဝိုင်းမြေကြော်ငြာစာ — ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ဖော်ပြထားသည့်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ အမည်/မှတ်ပုံတင်	လျှောက်ထားသည့်မြေ လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	လျှောက်ထားသည့်အကြောင်းအရာ
၁။	ဒေါ်သန်းသန်းနွဲ့(စ/မရမ(နိုင်)၀၇၀၀၀၁)	ဥဂုလမ်းနှင့်ဥလမ်းကြား၊ ၀ ၂လမ်းနှင့်၀၃လမ်းကြား၊ အောင်နန်းဝိုလ်သာအရှေ့	ဦးထွန်းအောင်	ချမ်းအေးသာစံ	၅၅၀	၈၇-က	ဝ၂၂၀/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇
၂။	ဒေါ်သန်းသန်းနွဲ့(စ/မရမ(နိုင်)၀၇၀၀၀၁)	၀၃လမ်း ၃ ၂လမ်းနှင့်၃၀လမ်းကြား၊ အောင်နန်းဝိုလ်သာအရှေ့	ဦးထွန်းအောင်(ပါ-၂)	ချမ်းအေးသာစံ	၅၆၇	၄၇	ဝ၂၂၀/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇
၃။	ဒေါ်အိဂြုဖြိုး(စ/မဟမ(နိုင်)၀၀၂၀၇)	၃၆လမ်း ၇၃လမ်းနှင့်၇၈လမ်းကြား၊ ဟဟမဟာဂေဇြောက်	ဒေါ်ငွေး(ပါ-၂)	မဟာအောင်မြေ	၆၄၃	၅၁-၁	ဝ၂၂၂/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇
၄။	ဒေါ်မွေလိဂရောင်(၁၃/ဟမတ(နိုင်)၀၀၁၀၄၅)	၀၃လမ်း ၂၂လမ်းနှင့်၂၃လမ်းကြား၊ ပြည်ကြီးကျက်သရေ	ဦးဘုန်ဟိန်း(၁)ဇော်ဦး	အောင်မြေသာစံ	၁၆၁	၄-၁	ဝ၂၂၄/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇
၅။	ဦးထွန်းကြိုင်(၀/မကန(နိုင်)၁၁၀၀၀၁)	လမ်း ၂၀နှင့် ၂၁လမ်းကြား၊ ၀၀လမ်းနှင့်၀၉လမ်းကြား၊ အောင်မြေသာစံ	ဒေါ်မြတ်ညဉ်(ပါ-၂)	အောင်မြေသာစံ	၁၂၁	(၁၃)ခဲစင်း	ဝ၂၂၃/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇
၆။	ဦးဝင်းမောင်မောင်(စ/မရမ(နိုင်)၀၄၄၁၃၃)၊ ဒေါ်စိုစိုးမင်း(စ/မရမ(နိုင်)၀၄၄၁၃၀၄)	လမ်း၃၀၊ ၀၄လမ်းနှင့်၀၅လမ်းကြား၊ အောင်နန်းဝိုလ်သာအရှေ့	ဦးဝင်းမောင်မောင်	ချမ်းအေးသာစံ	၅၇၉	၉	ဝ၂၂၆/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇
၇။	ဒေါ်လှလှဝင်း(စ/မရမ(နိုင်)၀၁၂၆၀၇)	၃၃လမ်းနှင့်၃၅လမ်းကြား၊ ၇လမ်းနှင့်၇လမ်းကြား၊ ကဒ္ဓကာမဟိ	ဒေါ်သန်းသန်းဆွေ(ပါ-၃)	ချမ်းအေးသာစံ	၆၃၉	(၂၂-က+၄)အစွန်းရ (၂၉)ခဲစင်း	ဝ၂၂၅/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇

ဌာနမှူး၊ မြို့ပြမိတ်ကိန်းနှင့် မြေမိတ်ခန်ဦးဌာန၊ မန္တလေးမြို့တော်ပြင်သာယာရေးကော်မတီ။

မြေပုံ/မြေရာဝင်ငွေးရုံးတွင် — ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ အမည်/မှတ်ပုံတင်	လျှောက်ထားသည့်မြေ လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	လျှောက်ထားသည့်အကြောင်းအရာ
၁။	ဒေါ်အုံးလှ(စ/မရမ(နိုင်)၀၁၉၇၀၆)	၂၇လမ်းနှင့် ၂၉လမ်းကြား၊ ၆ ၂လမ်းနှင့်၆လမ်းကြား၊ ဟဟဝေယျာတံ	ဦးလှမြင့်(ပါ-၂)	အောင်မြေသာစံ	၇၉၆	၄၅	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၂။	ဒေါ်အေးအေးသန်း(စ/မနမ(နိုင်)၀၇၂၂၇၀)၊ ဒေါ်မေသြမြင့်(၁)မာမာခိုင်(စ/အမရ(နိုင်)၀၅၄၇၀၀)၊ ဒေါ်အိမွန်မြင့်(စ/အမရ(နိုင်)၀၆၅၁၂၀)	၁၉လမ်းမျက်နှာပြူ၊ ၀၉လမ်းနှင့်၆လမ်းကြား၊ မင်းဘုံအိကင်း	ဒေါ်ခင်မိုး	အောင်မြေသာစံ	၉၆	၅-၁	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၃။	ဒေါ်အေးအေးမွန်(စ/မနတ(နိုင်)၀၀၂၈၉၉)၊ ဒေါ်ခင်မျိုးလွင်(စ/မနတ(နိုင်)၀၀၂၈၆၁)၊ ဒေါ်ယွန်းနုနွှာတော်(၅/ပမတ(နိုင်)၁၂၉၆၀၇)	မြို့ဟောင်းလမ်းနှင့်အောက်ကန်နားလမ်းကြား၊ ၃ ၂လမ်းနှင့်၃၃လမ်းကြား၊ ဒေးနံးအနောက်	ဒေါ်ခင်သန်း	ချမ်းအေးသာစံ	၃၃၉/၃၂၀	၁၁၁-က	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၄။	ဒေါ်တူး(စ/မနတ(နိုင်)၀၀၈၉၉၀)	၃၆လမ်းနှင့်၃၇လမ်းကြား၊ ၀၆လမ်းနှင့်၀၈လမ်းကြား၊ ဒေးနံးအရှေ့	မဟာအောင်မြေ	၂၇၆	၁၃-၁/၃၆	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၅။	ဒေါ်တူး(စ/မနတ(နိုင်)၀၀၈၉၉၀)	၃၆လမ်းနှင့်၃၇လမ်းကြား၊ ၀၆လမ်းနှင့်၀၇လမ်းကြား၊ ဒေးနံးအရှေ့	ဦးဘုန်ကြိုင်(၁)အုန်းကြိုင်	မဟာအောင်မြေ	၂၇၆	၁၃-၁/၂	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၆။	ဦးသက်နိုင်ဦး(စ/မရမ(နိုင်)၀၀၉၆၆၉)	၆၃လမ်းနှင့်၆၅လမ်းကုတ်ကြား၊ ၃၇လမ်းနှင့်၃၈လမ်းကြား၊ ဟဟနွယ်ဆဲ့	ဦးသက်နိုင်ဦး(ပါ-၂)	မဟာအောင်မြေ	၄၃၃-က အစိုး-၅	၆-၁	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်

ဌာနမှူး၊ မြို့ပြမိတ်ကိန်းနှင့် မြေမိတ်ခန်ဦးဌာန၊ မန္တလေးမြို့တော်ပြင်သာယာရေးကော်မတီ။

ဂရန်မြေကြော်ငြာစာ — ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ အမည်/မှတ်ပုံတင်	လျှောက်ထားသည့်မြေ လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	လျှောက်ထားသည့် အကြောင်းအရာ	အမှတ်တွဲအမှတ်
၁။	ဒေါ်စန်းစန်းဌေး(စ/ပသက(နိုင်)၀၁၅၄၄၀)	၇လမ်း၊ ၃လမ်းနှင့် ၄လမ်းကြား၊ ဥပုဇ္ဈော်	ဒေါ်စန်းစန်းဌေး	အောင်မြေသာစံ	၃၁-က	၃-က	သက်တမ်းတိုး	၃၂၀၇/ ၂၀၂၆-၂၀၂၇
၂။	ဒေါ်မြသန်း(စ/မနမ(နိုင်)၀၅၀၄၆၉)	၁၀လမ်းနှင့် ၁၀လမ်းကြား၊ ၆၆လမ်းနှင့် ၀၇လမ်းကြား၊ အောင်မြေသာစံ	ဦးအုန်း	အောင်မြေသာစံ	၁၂၇	၄၇	သက်တမ်းတိုး၊ အမည်ပြောင်း	၃၂၀၇/ ၂၀၂၆-၂၀၂၇
၃။	ဦးဆိုင်းအောင်ဆိုးခင်(စ/အမ(နိုင်)၀၂၅၈၅)၊ ဦးဆိုင်းအောင်ဆိုးခင်(စ/အမ(နိုင်)၀၃၄၃၀၃)	၉လမ်းနှင့် ၁၀လမ်းကြား၊ ၇၃လမ်းနှင့် ၇၅လမ်းကြား၊ ဥပုဇ္ဈော်	ဦးဥာဏ်ခင်	အောင်မြေသာစံ	၄၁၆-ဃ	၇၁-၃/၂	သက်တမ်းတိုး၊ အမည်ပြောင်း	၃၂၀၇/ ၂၀၂၆-၂၀၂၇
၄။	ဦးဆိုင်းအောင်ဆိုးခင်(စ/အမ(နိုင်)၀၂၅၈၅)၊ ဦးဆိုင်းအောင်ဆိုးခင်(စ/အမ(နိုင်)၀၃၄၃၀၃)	၁၀လမ်း၊ ၇၃လမ်းနှင့် ၇၅လမ်းကြား၊ ဥပုဇ္ဈော်	ဦးဥာဏ်ခင် (ပါ-၂)	အောင်မြေသာစံ	၄၁၆-ဃ	၇၁-၃/၅	အမည်ပြောင်း	၃၂၀၆/ ၂၀၂၆-၂၀၂၇
၅။	ဦးအောင်နိုင်(၁/မတတ(နိုင်)၀၀၆၆၃၂)	၇၁လမ်းနှင့် ၇၂လမ်းကြား၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ ပါတ်ကုန်းဈေးဘွယ်	ဦးအောင်နိုင်	ချမ်းအေးသာစံ	၇၆၁	၂၃-၁	သက်တမ်းတိုး	၃၁၀၀/ ၂၀၂၆-၂၀၂၇
၆။	ဒေါ်နိုင်နိုင်ဦး(၁၃/ဃတတ(နိုင်)၀၀၅၅၅၂)	၃၇လမ်းနှင့် ၆၅လမ်းထောင့်၊ မဟာမြိုင်-၁	ဒေါ်နိုင်နိုင်ဦး	မဟာအောင်မြေ	၁-၁	၁၂-က	သက်တမ်းတိုး	၃၁၀၁/ ၂၀၂၆-၂၀၂၇
၇။	ဒေါ်မေမြတ်နိုးဆင်(စ/ဒအဇ(နိုင်)၀၃၉၁၇၇)	၈၆လမ်းနှင့် ၉၁လမ်းကြား၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ မဟာမြိုင်-၁	ဒေါ်မေမြတ်နိုးဆင်	မဟာအောင်မြေ	၃-၁	၂၀	သက်တမ်းတိုး	၃၁၀၂/ ၂၀၂၆-၂၀၂၇
၈။	ဦးကိုကိုဝင်း(၁၂/မဇတ(နိုင်)၀၂၈၀၄၀)	၆၅လမ်းနှင့် ၄၁လမ်းကြား၊ မဟာမြိုင်-၁	ဒေါ်မြရင်	မဟာအောင်မြေ	၀-၄	၆၆	အမည်ပြောင်း	၃၁၀၂/ ၂၀၂၆-၂၀၂၇
၉။	ဒေါ်သစ်ဝင်း(၁၃/လရန(နိုင်)၁၄၀၈၇၃)	၄၁လမ်းနှင့် ၄၂လမ်းကြား၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ ဇဲမွန်တောင်	ဦးကျော်ဝိုန်	မဟာအောင်မြေ	၀-၄၀	၁၆	သက်တမ်းတိုး၊ အမည်ပြောင်း	၃၁၀၀/ ၂၀၂၆-၂၀၂၇
၁၀။	ဒေါ်ညို(စ/မနမ(နိုင်)၀၉၁၉၇၁)	လမ်း၆၀နှင့် ၆၁လမ်းကြား၊ ၄၂လမ်းနှင့် ၄၃လမ်းကြား၊ မဟာမြိုင်-၂	တပ်သားကိုကင်း	မဟာအောင်မြေ	၀-၆	၅၆	သက်တမ်းတိုး၊ အမည်ပြောင်း	၃၁၀၁/ ၂၀၂၆-၂၀၂၇
၁၁။	ဒေါ်ခင်အေး(စ/မနမ(နိုင်)၀၆၀၉၉၉)	၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၂လမ်းကြား၊ မြို့သစ်-၄	ဒေါ်ခင်အေး	ချမ်းမြသာစည်	၈၁-၃	၁၃၃-၁	ဦးဝိုင်ဒဲကန့်	၃၁၀၃/ ၂၀၂၆-၂၀၂၇
၁၂။	ဦးစောဟဲဝေး(၁၄/ပသန(နိုင်)၀၅၁၀၂၂)	၅၅လမ်းနှင့် ၅၆လမ်းကြား၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ ကံသာယာ	ဦးစောဟဲဝေး	ချမ်းမြသာစည်	၈၉-၃	၇၀-က	သက်တမ်းတိုး	၃၁၀၄/ ၂၀၂၆-၂၀၂၇
၁၃။	ဦးမျိုးသိန်းဦး(၁၃/တကန(နိုင်)၂၃၉၀၉၉)	၅၄လမ်းနှင့် ၅၅လမ်းကြား၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြား၊ ထွန်တံုး	ဦးမျိုးသိန်းဦး	ချမ်းမြသာစည်	၈၈	၉၄	သက်တမ်းတိုး	၃၁၀၅/ ၂၀၂၆-၂၀၂၇
၁၄။	ဦးမျိုးသိန်းဦး(၁၃/တကန(နိုင်)၂၃၉၀၉၉)	၅၄လမ်းနှင့် ၅၅လမ်းကြား၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြား၊ ထွန်တံုး	ဦးမျိုးသိန်းဦး	ချမ်းမြသာစည်	၈၈	၁၀၄	သက်တမ်းတိုး	၃၁၀၆/ ၂၀၂၆-၂၀၂၇
၁၅။	ဦးမင်းမင်းသန်း(စ/မနတ(နိုင်)၀၀၅၄၀၁)	၅၈လမ်းနှင့် ၅၉လမ်းကြား၊ ၁၀၀လမ်းနှင့်၁၀၁လမ်းကြား၊ ကံသာယာ	ဦးမင်းမင်းသန်း	ချမ်းမြသာစည်	၈-၂	၁၈	သက်တမ်းတိုး	၃၁၀၈/ ၂၀၂၆-၂၀၂၇
၁၆။	ဒေါ်ခင်မာဝင်း(စ/မရတ(နိုင်)၀၈၅၂၆၀)	၅၅လမ်းနှင့် ၅၆လမ်းကြား၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြား၊ အောင်ပင်လယ်	ဒေါ်ခင်မာဝင်း	ချမ်းမြသာစည်	၈၈-၅	၁၄၁	သက်တမ်းတိုး	၃၁၀၇/ ၂၀၂၆-၂၀၂၇
၁၇။	ဒေါ်ဝိဝိဝိ(၁၃/တကန(နိုင်)၀၆၆၀၀၄)	၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ မြို့သစ်-၂	ဒေါ်ဝိဝိဝိ	ချမ်းမြသာစည်	၈-၃	၈၂	သက်တမ်းတိုး	၃၁၀၄/ ၂၀၂၆-၂၀၂၇
၁၈။	ဒေါ်သန်းလျော(၀/ရစက(နိုင်)၀၀၀၆၉၀)	၇၆လမ်းနှင့် ၇၇လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊ ထွန်တံုး	ဒေါ်မာလာ	ချမ်းမြသာစည်	၀၀-၄	၄၇	တောမှုမြို့ပြပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း	၃၁၀၀/ ၂၀၂၆-၂၀၂၇
၁၉။	ဦးနေမျိုးအောင်(၅/ဆဘတ(နိုင်)၀၇၀၄၀၉)	၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြေညှိနေရာ	ဦးစာဝင်းကြည်	ချမ်းမြသာစည်	၁၁၁-၁၃	၄၇	တောမှုမြို့ပြပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း	၃၁၀၀/ ၂၀၂၆-၂၀၂၇
၂၀။	ဒေါ်ဝေဘီ(စ/မနမ(နိုင်)၀၁၆၇၁၁)	၅၅လမ်းနှင့် ၅၆လမ်းကြား၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြား၊ အောင်ပင်လယ်	ဒေါ်ကြည်	ချမ်းမြသာစည်	၈၈-၅	၁၄၂	တောမှုမြို့ပြပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း	၃၁၀၀/ ၂၀၂၆-၂၀၂၇
၂၁။	ဦးလေးဟောင်(စ/မရတ(နိုင်)၀၉၀၂၄၆)	လမ်း၆၀နှင့် ၆၁လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊ မြို့သစ်-၄	ဦးလေးဟောင်	ချမ်းမြသာစည်	၈-၆	၇၀	တောမှုမြို့ပြပြောင်း၊ သက်တမ်းတိုး	၃၁၀၉/ ၂၀၂၆-၂၀၂၇
၂၂။	ဒေါ်ခင်ပြုံးရီ(၁)ဝေဆုဇုန်(၁၂/ကဘတ(နိုင်)၀၂၁၅၇၀)	လမ်း၆၀နှင့် ၆၀(စီ)လမ်းကြား၊ ၁၂၇လမ်းနှင့် ၁၂၈လမ်းကြား၊ (စ)	ဒေါ်ခင်ပြုံးရီ(၁)ဝေဆုဇုန်	ပြည်ကြီးတံခွန်	၈၈-၆	(၄၇)ခဲစင်း	ဦးဝိုင်ဒဲ	၃၁၀၁/ ၂၀၂၆-၂၀၂၇
၂၃။	ဒေါ်ခင်ပြုံးရီ(၁)ဝေဆုဇုန်(၁၂/ကဘတ(နိုင်)၀၂၁၅၇၀)	လမ်း၆၀နှင့် ၆၀(စီ)လမ်းကြား၊ ၁၂၇လမ်းနှင့် ၁၂၈လမ်းကြား၊ (စ)	ဒေါ်ခင်ပြုံးရီ(၁)ဝေဆုဇုန်	ပြည်ကြီးတံခွန်	၈၈-၆	(၄၇)ခဲစင်း	ဦးဝိုင်ဒဲ	၃၁၀၂/ ၂၀၂၆-၂၀၂၇
၂၄။	ဒေါ်ငုပါပြိုင်(၁/မကတ(နိုင်)၀၈၉၂၇၅)	၆၈လမ်း၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြား၊ (က)	ဦးဝင်းမာမဲမြင့်	ပြည်ကြီးတံခွန်	၈၁-၇	၃၆	အမည်ပြောင်း	၃၁၀၀/ ၂၀၂၆-၂၀၂၇
၂၅။	ဦးစန်ဝင်းကျော်(၀/အဇန(နိုင်)၀၅၅၈၀၃)၊ ဒေါ်မယ်ဆိုဦး(စ/မကန(နိုင်)၁၁၀၃၁၃)	၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၃လမ်းကြား၊ (ဈ)	ဒေါ်စန္ဒာမြင့်	ပြည်ကြီးတံခွန်	၀၀-၂၀	၃၄	အမည်ပြောင်း	၃၁၀၃/ ၂၀၂၆-၂၀၂၇
၂၆။	ဒေါ်ရဲရွှင်းမေ(စ/မဃန(နိုင်)၀၁၉၁၉၉)	၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၃၁လမ်းနှင့် အမှတ်(၆)ဝေဆိုးဝင်းမြောင်းကြား၊ (ည)	ဒေါ်ထက်ထက်ဝိုင်	ပြည်ကြီးတံခွန်	၈၈၊-၂၀	၃၀	အမည်ပြောင်း	၃၁၀၉/ ၂၀၂၆-၂၀၂၇
၂၇။	ဒေါ်သီသီထွေး(စ/ဃစ(နိုင်)၀၀၇၇၁၅)	၆၆လမ်းနှင့် ၆၇လမ်းကြား၊ ၁၁၉လမ်းနှင့် ၁၃၀လမ်းကြား၊ (ည)	ဦးနေဝင်း	ပြည်ကြီးတံခွန်	၈၈၊-၂	၂၅	သက်တမ်းတိုး၊ အမည်ပြောင်း	၃၁၀၈/ ၂၀၂၆-၂၀၂၇
၂၈။	ဦးအေးကျော်(စ/မနတ(နိုင်)၀၆၇၀၅၀)	၆၅လမ်းနှင့် ၆၇လမ်းကြား၊ ၁၂၉လမ်းနှင့်၁၃၀လမ်းကြား၊ (ဆ)	ဦးအေးကျော်	ပြည်ကြီးတံခွန်	၃၁-၁၅	(၆၉)ခဲစင်း	တောမှုမြို့ပြပြောင်း၊ သက်တမ်းတိုး၊ ဦးဝိုင်ဒဲ	၃၁၀၄/ ၂၀၂၆-၂၀၂၇
၂၉။	ဦးအေးကျော်(စ/မနတ(နိုင်)၀၆၇၀၅၀)	၆၅လမ်းနှင့် ၆၇လမ်းကြား၊ ၁၂၉လမ်းနှင့်၁၃၀လမ်းကြား၊ (ဆ)	ဦးအေးကျော်	ပြည်ကြီးတံခွန်	၃၁-၁၅	(၆၉)ခဲစင်း	တောမှုမြို့ပြပြောင်း၊ သက်တမ်းတိုး၊ ဦးဝိုင်ဒဲ	၃၁၀၅/ ၂၀၂၆-၂၀၂၇
၃၀။	ဦးကျော်ဇင်ထွေး(စ/မနမ(နိုင်)၁၁၀၆၂၆)	ရှုန်-မန်းကားလမ်းအနောက်ဘက်၊ မေဇင်သိန်းလမ်းတောင်ဘက်၊ ထိန်ကုန်း	ဒေါ်ကြင်	ပြည်ကြီးတံခွန်	၅၀၉-က	၄-၁၀	တောမှုမြို့ပြပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း	၃၁၀၉/ ၂၀၂၆-၂၀၂၇

ဌာနမှူး၊ မြို့ပြမိတ်ကိန်းနှင့်မြေမိတ်ခန်ဦးဌာန၊ မန္တလေးမြို့တော်ပြင်သာယာရေးကော်မတီ။

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မုန်တန်းရပ်ကွက်၊ တိုးချဲ့(၁)ရပ်ရှိ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၄၂)၊ ဧရိယာ(၀ ဒသမ ၁၆၂၀)ဧကအတွင်းမှ မြောက်ဘက်ခြမ်း ဧရိယာအရှေ့အနောက် ပေ(၆၀)၊ တောင်မြောက် ပေ(၂၀) အကျယ်အဝန်းရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိနေထိုင်ပိုင်ဆိုင်ထားသူ ဦးသောင်းဝင်း(ဘ)ဦးလှအောင်(၉/မနတ(နိုင်)၀၄၉၃၃၈)မှ ကာလတန်ဖိုးငွေဖြင့် လွဲပြောင်းရောင်းချလိုကြောင်း ဂြေဆိုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချစ်စန်းမောင် (LL.B) ဒေါ်မွန်မွန်လှိုင် (LL.B)
တရားလွှတ်တော်ရှေ့နေများ
နန်းမတော်လမ်း၊ လေးစုရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၅၁၁၅၅၆၀၊ ၀၉-၂၅၉၀၈၈၆၅၂

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၆၀)၊ ဦးပိုင်အမှတ်(၆၃)၊ ဧရိယာ(၀ ဒသမ ၀၃၅၇)ဧက အကျယ်အဝန်းရှိ ဒေါ်ယဉ်မေ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦး၊ ရေ+မီး အစုံတို့သည် အမည်ပေါက်သူထံမှ တရားဝင် အထူးကိုယ်စားလှယ်လွှဲစာ၊ အရောင်းအဝယ်သဘောတူကတိစာချုပ်တို့ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးရဲထွဋ်(ဘ)ဦးမြမောင်(၉/ဧရမ(နိုင်)၀၄၆၀၅၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီပြီးဖြစ်သဖြင့် ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့် ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ -
ဒေါ်သိန်းသိန်းစိုး
(၅ /မရန(နိုင်)၀၇၉၃၀၈)

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-
ဦးကိုလေး (LL.B) (တရားလွှတ်တော်ရှေ့နေ)
အကွက်(၃၃၆)၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊
မန္တလေးမြို့။ ဖုန်း ၀၉-၂၀၀၄၅၆၅၅၊ ၀၉-၉၅၂၀၀၄၅၆၅

တစ်ဦးတည်းပြုပြင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီး ဖွံ့ဖြိုးရေးတက္ကသိုလ်မှ စတုတ္ထနှစ်တွင် ပညာသင်ကြားနေသော (ဘ)ဦးရေဆင်း၏ သမီး မနိုဉ်းဆန်းနှင့် မနိုနှင်းဆန်း သည် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်၊ ကျောင်းသားကတ်အရ တစ်ဦးတည်းဖြစ်ပါကြောင်း။

မနိုဉီးဆန်း(၉)မနိုနှင်းဆန်း

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၃၆)၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ (၃၈×၇၉)ပေ အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ အာရံဒီ(၈)ထပ်ခွဲ တိုက်အဆောက်အဦ၏ စတုတ္ထထပ် မြောက်ဘက်ခြမ်း ဧရိယာ(၁၇ပေခွဲ×ပေ၇၀) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်ပါရှိသော နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်ဟစီစာ(ဘ)ဦးလီပါး(၉/မနမ(နိုင်)၀၇၇၆၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေများထဲမှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများနှင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အဆိုပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စအား ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်လဲ့လဲ့နိုင် (LL.B) တရားလွှတ်တော်ရှေ့နေ
အမှတ်(၉)၊ ၃၂(A)လမ်း၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊
မန္တလေးမြို့ ။ ဖုန်း ၀၉-၂၀၁၇၇၃

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(၃၈-၂)၊ ဦးပိုင်အမှတ်(၆၂-ခ)၊ ဧရိယာ ပေ(၁၀×၄၅) အကျယ်အဝန်းရှိ မြေကွက်သည် ဦးသန်းအေး(ဘ) ဦးဖြူဘွား(PBE-၁၁၁၅၅၉) အမည်ဖြင့် ချထားပေးသော မြေကွက် ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ငွေသွင်းပြေစာမူရင်းမှာ ကျွန်မ ဒေါ်စိန်ကြည်(ဘ)ဦးမြင်(၉/မရတ(နိုင်)၀၄၁၆၅၅)၏ လက်ဝယ်တွင် အထားအသို မှားယွင်း၍ ပျောက်ဆုံးသွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်၏ ငွေသွင်းပြေစာမူရင်းအား သက်ဆိုင်ရာ ရုံးဌာနအသီးသီးတို့တွင် မူရင်းခွဲ/မိတ္တူမှန် လျှောက်ထားသွားမည်ဖြစ်ပါကြောင်းနှင့် အကယ်၍ တွေ့ရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါမြေချထားမိမှုရင်းနှင့်အတူ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက တရားဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စိန်ကြည်(ဘ)ဦးမြင် (၉ /မရတ(နိုင်)၀၄၁၆၅၅)
အကွက်(၁၈-၂ /၆၂-ခ)၊ (ဃ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၃၆)၊ ဦးပိုင်အမှတ်(၂၁)၊ ဧရိယာ(၀ ဒသမ ၁၃၂၄)ဧက အကျယ်အဝန်းရှိ ဒေါ်လီးကွေချင်း(ခ)ဒေါ်အေးဖုန်း(ပါ-၃)ဦး အမည်ပေါက် ဘိုးဘဝိုင်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း မျက်နှာစာ အရှေ့အနောက် (၂၇)ပေ၊ တောင်မြောက် ပေ(၁၀၀) အကျယ်အဝန်းရှိ ဘိုးဘဝိုင်မြေကွက်အစိတ်အပိုင်းနှင့် ယင်မြေကွက်ပေါ်ရှိ နံကပ် (၁)ထပ် အဆောက်အဦ၊ (ရေ+မီး)အပါအဝင် ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်၊ မြေပေါ်မြေအောက် နေထိုင်ပိုင်ဆိုင် အသုံးပြုခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတို့ တရားဝင် အမည်ပေါက် လက်ရှိရနေထိုင်ပိုင်ဆိုင်ပါကြောင်း ဂန်ဒံကတိပြုကာ အဆိုပြုရောင်းချသူများဖြစ်ကြသည့် (၁)ဒေါ်အေးဖုန်း(ခ)ဒေါ်လီးကွေချင်း(ဘ)ဦးအေးဝင်း(၁၃/နမတ(ဧည့်)၀၀၀၀၂၇)၊ (၂)ဒေါ်ရင်ရွှေချင့်(ခ)ဒေါ်မိမိနိုင်(ဘ)ဦးနိုင်းမောင်စိန်(၁၃/နမတ(ဧည့်)၀၀၀၁၆၇)၊ (၃)ဦးရင်ဝင့်ကျန်(ခ)ဦး၀င်းမွန်(ဘ)ဦးစိုင်းမောင်စိန်(၉/အမခ(ဧည့်)၀၀၀၁၅)တို့က လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်တို့အမှုသည်ထံ အဆိုပြုပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့အမှုသည်ကလည်း ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းပြည် (ဥပဒေဘွဲ့)
ဦးအောင်မျိုးထွန်း(ဥပဒေဘွဲ့)၊ ဦးထက်ပိုင်စိုး(ဥပဒေဘွဲ့)၊ ဒေါ်ဝင်းမာ(ဥပဒေဘွဲ့)၊ ဒေါ်ထက်ထက်လှိုင်(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေများ
ဦးကျော်ရဲဇောင် (ဥပဒေဘွဲ့) (အထက်တန်းရှေ့နေ)
ရုံးခန်း - လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလှလုပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၅၅၉၂၆၊ ၀၉-၇၅၂၄၅၅၉၂၆၊ ၀၉-၉၄၀၇၉၀၀၉၉၊ ၀၉-၇၉၇၃၅၀၀၇၁၊ ၀၉-၄၀၂၆၄၇၆၂၄

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၃၆)၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ (၃၈×၄၉)ပေ အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ အာရံဒီ(၈)ထပ်ခွဲ တိုက်အဆောက်အဦ၏ စတုတ္ထထပ် မြောက်ဘက်ခြမ်း ဧရိယာ(၁၇ပေခွဲ×ပေ၇၀) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်ပါရှိသော နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်ဟစီစာ(ဘ)ဦးလီပါး(၉/မနမ(နိုင်)၀၇၇၆၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေများထဲမှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများနှင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အဆိုပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စအား ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်လဲ့လဲ့နိုင် (LL.B) တရားလွှတ်တော်ရှေ့နေ
အမှတ်(၉)၊ ၃၂(A)လမ်း၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊
မန္တလေးမြို့ ။ ဖုန်း ၀၉-၂၀၁၇၇၃

ပျောက်ဆုံးကြောင်း

မောင်မင်းမခ(ဘ) ဦးကျော်သူထွန်း မှတ်ပုံတင်ကတ်အမှတ် (မွေးစာရင်း) ကိုင်ဆောင်သူ၏ Passport No. မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြား ပေးပါရန်။

မောင်မင်းမခ
ဖုန်း(၀၉-၇၅၅၆၈၉၂၀၃)

ကိုဝေယံလင်းထက်(ဘ)ဦး၀င်းမင်းထွန်း မှတ်ပုံတင်အမှတ်(၉/မလန(နိုင်)၁၂၀၂၂၆) ကိုင်ဆောင်သူနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်တွင် နေထိုင်သူ ကိုဝေယံလင်းထက်(ဘ)ဦး၀င်းမင်းထွန်း မှတ်ပုံတင်အမှတ် (၉/မလန(နိုင်)၁၂၀၂၂၆)ကိုင်ဆောင်သူနှင့် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်တွင် နေထိုင်သူ မသက်ထားစံ(ဘ)ဦးတင်ဝင်း မှတ်ပုံတင်အမှတ် (၉/မဓစ(နိုင်)၀၈၆၂၇၈) ကိုင်ဆောင်သူတို့သည် မိဘဆွေမျိုးသားချင်းများ၏ သဘောတူညီချက်အရ နှစ်ဦးသဘောတူ စေ့စပ်ကြောင်းလမ်းခြင်းကတိစာချုပ်ကို (၁၇-၅-၂၀၂၅)ရက်တွင် အသိသက်သေ လူကြီးများ၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုး ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး ယနေ့အချိန်အထိ မင်္ဂလာဧည့်ခံပွဲ ကျင်းပပြုလုပ်နိုင်ခြင်း မရှိသေးပါ။

ကိုဝေယံလင်းထက်နှင့် မသက်ထားစံ တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှု မရှိ၍ နှစ်ဦးသဘောတူ စေ့စပ်ကြောင်းလမ်းခြင်း ကတိစာချုပ်ကို မသက်ထားစံ ဘက်မှနေ၍ ဖျက်သိမ်းပြီး ဖြစ်ပါကြောင်းနှင့် ထိုပြင် ကိုဝေယံလင်းထက်နှင့် မသက်ထားစံတို့သည် တစ်ဦးနှင့်တစ်ဦး သက်ဆိုင်ခြင်း၊ ပတ်သက်ဆက်နွယ်ခြင်း လုံးဝမရှိပါကြောင်း ကိုဝေယံလင်းထက်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ - ဦးဇော်မင်းဦး (LL.B) (တရားလွှတ်တော်ရှေ့နေ)
အမှတ်(၁၇၀)၊ ၂၉လမ်း၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊
မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၇၁၈၆၀၊ ၀၉-၇၅၈၁၀၆၄၃

အမှားသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်ကိုင်းကျေးရွာအုပ်စု၊ တောင်ကိုင်းကျေးရွာရှေ့ ကျွန်တစ်ဖိတ်ဆွေ ခေါ်ခြွန်ခွန်အေး(ဘ)ဦးခွေးပု(၉/အမရ(နိုင်)၀၂၅၅၉) ကိုင်ထောင်သူ၏ လွဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်ကိုင်းကျေးရွာအုပ်စု၊ တောင်ကိုင်းကျေးရွာ၊ ကွင်းအမှတ်(၅၄၄)၊ ဦးပိုင်အမှတ်(၁၀၄/၁)၊ ဧရိယာ(၂ ဒသမ ၅၀) ကကရိယာမြေနှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်ကို ဇနထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ် ရပ်အားလုံးတို့ကို ပိုင်ဆိုင်ဇနထိုင်လုပ်ကိုင်ခဲ့သူ ဦးခွေးပု(ဘ)ဦးဘမောင်(၉/အရ(နိုင်)၀၂၅၃၀)သည် လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကျော်မှ ကွယ်လွန်သည့်အချိန်ထိ ဇနထိုင်စိုက်ပျိုးလုပ်ကိုင်ခဲ့ပါသည်။

အဆိုပါမြေကွက်နှင့် အိမ်ကို ဦးခွေးပု မကွယ်လွန်မီက သမီးဖြစ်သူ ခေါ်ခြွန်ခွန်အေး(၉/အရ(နိုင်)၀၂၅၅၉)အား မေတ္တာဖြင့် အပိုင်ပေးအပ်ခဲ့ပါသည်။ ယခုအခါ ခေါ်ခြွန်ခွန်အေးမှ မြို့နယ်မြေစာရင်းရုံးတွင် မြေစာရင်းဝန်(၁၀၅)နှင့် မြေရာဇင် (မြေစာရင်းပုံ-၁၀၆)ကူးယူပြီး၊ ဦးပိုင်အမည်ပေါက် လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက နိုင်ငံ့သောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြေကွက်အတွင်းသို့ ကျူးကျော်ဝင်ရောက် နောက်ယှက်ခြင်းများကိုလည်း ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွဲအပ်ညွှန်ကြားသူ-
ခေါ်ခြွန်ခွန်အေး(ဘ)ဦးခွေးပု
(၉/အရ(နိုင်)၀၂၅၅၉)
တောင်ကိုင်းကျေးရွာ၊
အမရပူရမြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။

ခေါ်ခြွန်ခွန်အေး၏ လွဲအပ်ညွှန်ကြားချက်အရ-
ဦးကံထူး(B.A.H.P, R.C)
(အထက်တန်းရွှေ့ဒန)
စဉ်-၁၉၂၄၀(၃-၁၁-၁၉၉၀)
၃၅လမ်း၊ ၅၅လမ်း၊ ကန်ကောက်သစ်ရပ်၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၆၆၁၇၃၀၆

ကြော်ငြာစာ

